စက်မှုဝန်ကြီးဌာန

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှု အခြေအနေ တင်ပြချက်အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၃ ခုနှစ် မတ်လ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ | ၁ - ၂ |
| ၄။ | ဆွေးနွေးတင်ပြချက်များ | ၂ |
| ၅။ | ရှင်းလင်းဆွေးနွေးချက်များ | ၃ |
| ၆။ | လမ်းညွှန်မှာကြားချက်များ | ၃ - ၆ |
| ၇။ | MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ | ၆ |
| ၈။ | နိဂုံး | ၆ - ၇ |
| ၉။ | နောက်ဆက်တွဲများ | |
| | - နိုင်ငံတော်၀န်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ၏ အခမ်းအနားအစီအစဉ် | နောက်ဆက်တွဲ (က) |
| | - အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ | နောက်ဆက်တွဲ (ခ) |
| | - လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ | နောက်ဆက်တွဲ (ဂ) |
| | - တွေ့ဆုံဆွေးနွေးပွဲ၊ လှည့်လည်အားပေးကြည့်ရှုခြင်း နှင့် ပြခန်းများခင်းကျင်းပြသထားမှု မှတ်တမ်းဓာတ်ပုံများ | နောက်ဆက်တွဲ(ဃ) |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှုအခြေအနေတင်ပြချက်အစီရင်ခံစာ

## နိဒါန်း

၁။ **ရခိုင်ပြည်နယ်** အတွင်းရှိ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးချက်များ ၊ ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့မှု အခြေအနေအား အစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ **ရခိုင်ပြည်နယ်** အတွင်းရှိ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲများ ၊ လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေရန်ရည်ရွယ်ပါသည်။

## အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ

၃။ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက် နံနက်(၀၉:၂၀)နာရီအချိန်တွင် **ရခိုင်ပြည်နယ် စစ်တွေမြို့၊** ဦးဥတ္တမခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် **ရခိုင်ပြည်နယ်**အတွင်းရှိ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်(MSME)များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား နှင့် ဒေသထွက် MSME ထုတ်ကုန်ပြပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲနှင့် ဒေသထုတ်ကုန်ပြပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ **ရခိုင်ပြည်နယ်**

**ဝန်ကြီးချုပ်** ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် MSME လုပ်ငန်းရှင်များ၊ စုစုပေါင်း (၁၂၇)ဦး တက်ရောက်ခဲ့ကြပြီး **ရခိုင်ပြည်နယ်**အတွင်းရှိ ဒေသထွက်ကုန်ပစ္စည်း ပြခန်း (၂၂)ခန်းအား ခင်းကျင်းပြသခဲ့ပါသည်။

၅။ အခမ်းအနားကို အစီအစဉ်(၇)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးစွာ **ရခိုင်ပြည်နယ်** ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိက ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည့် စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှု၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးထုတ်ကုန်၊ လက်မှုထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်း များ ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းကိုအခြေခံသည့် ဟိုတယ်နှင့်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက် လက်ပြီး **ရခိုင်ပြည်နယ်**အတွင်းရှိ MSME လုပ်ငန်းရှင်များအနက် လုပ်ငန်းရှင် (၇)ဦးတို့မှ လုပ်ငန်းလိုအပ်ချက်များကို အသီးသီး တင်ပြခဲ့ကြပြီးနောက် အဆိုပါဆွေးနွေး တင်ပြချက် များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက် ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ရမည့် အချက်များ လမ်းညွှန်မှာ ကြားခဲ့ပါသည်။ အခမ်းအနား အစီအစဉ်အား **နောက်ဆက်တွဲ(က)** ဖြင့် တင်ပြအပ်ပါသည်။

## ဆွေးနွေးတင်ပြချက်များ

၆။ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော လုပ်ငန်းရှင်များအနက်မှ အသေး စား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် (၇)ဦးမှ ၎င်းတို့၏ လုပ်ငန်း အခြေ အနေများနှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် မတည်ရင်းနှီးငွေ လိုအပ်ချက်များ၊ နည်းပညာလိုအပ်ချက်များ၊ ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြည်ပမှစားအုန်းဆီတင်သွင်းမှုလျော့ချနိုင်ရေး စသည့် တင်ပြချက်(၅) ချက် အား ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ဆွေးနွေးတင်ပြချက်များကို **နောက်ဆက်တွဲ(ခ)** ဖြင့် တင်ပြအပ်ပါသည်။

## ရှင်းလင်းဆွေးနွေးချက်များ

၇။ လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ မှ ၎င်းတို့၏ ဝန်ကြီးဌာနအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ နိုင်ငံအသီးသီး၌ စီးပွားရေး ကျဆင်းခဲ့ရမှု၊ ကိုဗစ်-၁၉ အပါအဝင် နိုင်ငံရေးအကြပ်အတည်း များကြားမှ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ချေးငွေများ ထုတ်ချေးပေးထားမှု၊ MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာ များ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များ၊ ကူညီဆောင်ရွက်ပေးလျက် ရှိသည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် အတွင်းရှိ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးများက ပြန်လည်ဆွေးနွေးချက်များကို **နောက်ဆက်တွဲ(ဂ)** ဖြင့် တင်ပြအပ်ပါသည်။

## လမ်းညွှန်မှာကြားချက်များ

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြား ရာတွင် ရခိုင်ပြည်နယ်အနေဖြင့် ကုလားတန်မြစ်၊ လေးမြို့မြစ်နံဘေးတွင် ရေတင်ပြီး စပါး စိုက်ပျိုးမည်ဆိုပါက ဧက မည်မျှရှိသည်ကို သိရှိလိုပါကြောင်း၊ မိုးစပါးအပြင် နွေစပါးကိုလည်း တိုးချဲ့စိုက်ပျိုးမည်ဟု တင်ပြချက်တွင် ပါဝင်ကြောင်း၊ စိုက်ဧက ၂၀၂၁-၂၀၂၂ ခုနှစ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခန့်မှန်းခြေအရ မိုးစပါး ၉၉၈၀၀၀ ဧက၊ နွေစပါး ၈၂၂ ဧက၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၀၀၂၂၉၂ ဧက စိုက်ပျိုးပြီး နွေစပါးစာရင်း မရရှိသေးပါကြောင်း၊ မိုးစပါး ဧက ၁၀ သိန်း စိုက်ပျိုးထားသည်ဟု တင်ပြထားပါကြောင်း၊ ရခိုင်ပြည်နယ်၏ တင်ပြချက်တွင် ဆန်ဖူလုံမှု ၁၈၀ % ရှိကြောင်း၊ မိုးစပါး ဧက ၁၀ သိန်း စိုက်ပျိုးပြီး၊ တစ်ဧကလျှင် ပျမ်းမျှ ၆၂ တင်းထွက်ရှိပြီး စပါးအထွက်ကောင်းရန် အချက်(၄)ချက် ရှိကြောင်း၊ မျိုးကောင်းမျိုးသန့် လိုအပ်ခြင်း၊ မြေဆီမြေဩဇာကောင်းရန်လိုအပ်ခြင်း၊ စိုက်ပျိုးရေ/အောင်ရေ ရရှိရန်လိုအပ်ခြင်း၊ စိုက်ပျိုးနည်းစနစ်/ နည်းပညာရှိရန် လိုအပ်ခြင်း တို့ဖြစ်ကြောင်း၊ အထွက်ကောင်းသည့်

မျိုးများဖြစ်ရန် လိုအပ်ကြောင်း၊ ဧည့်မထသည် မြန်မာနိုင်ငံမှာ တစ်ဧက တင်း ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိကြောင်း၊ မြစ်ရေတင်စိုက်ပျိုးရာတွင် ရေစီးကြောင်းများ ရှိနေပါက စပါး စိုက်ပျိုးရေးအတွက် ကောင်းမွန်မည် မဟုတ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သူများ အတွက် မြေပြင်ခြင်းသည် အရေးကြီးကြောင်း၊ မြေဩဇာနှင့် ပတ်သက်၍ အခက်အခဲရှိသည်ဟု တင်ပြထားကြောင်း၊ လွန်ခဲ့သော(၃)နှစ်မှ အခြေအနေနှင့် ယခုအခြေအနေသည် ဓာတ်မြေဩဇာ ဈေး(၃)ဆခန့် ပြောင်းလဲသွားကြောင်း၊ ယခင် ဈေးနှုန်းသည် တစ်အိတ်လျှင် ၂၀,၀၀၀၊ ၃၀,၀၀၀ သာရှိပြီး ယခု ၉၀,၀၀၀၊ ၁၀၀,၀၀၀ ကြားရှိနေကြောင်း၊ ဈေးနှုန်းကြီးမြင့်လာခြင်းသည် အထွေထွေစရိတ်များ မြင့်တက်လာ သည့်အတွက် ဖြစ်ကြောင်း၊ နွားချေးကဲ့သို့ သဘာဝမြေဩဇာကို အသုံးပြုနိုင်ရန်အတွက် စိုက်ပျိုးရေးဌာနအား မေးမြန်းချက်များအရ ဗဟုသုတအနေဖြင့် ပြန်လည်ပြောကြား လိုကြောင်း၊ နွားတစ်ကောင်လျှင် နွားချေးအစို ၄၂ ကီလိုဂရမ်၊ အခြောက် ၁၂ ကီလိုဂရမ် ရရှိပြီး နွားအကောင် ၁၀၀ မွေးမြူထားပါက ၁.၂ တန် နွားချေးအခြောက် ရရှိမည်ဖြစ်ကြောင်း၊ နွားချေးမြေဩဇာကိုလည်း စိုက်ပျိုးရေးတွင် အသုံးပြုနိုင်ကြောင်း၊ သို့သော် ၎င်းမြေဩဇာ တစ်ခုတည်းဖြင့် ပြည့်စုံလုံလောက်မှု မရှိကြောင်း၊ မြေဩဇာထည့်ပါက စပါးအထွက်နှုန်း ၁၀% ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဧည့်မထအုပ်စုသည် ရက်ပေါင်း ၁၀၀၊ ၁၂၀ ပတ်ဝန်းကျင်သာ ရှိပြီး ၃ လနှင့် ၄ လကြား သက်တမ်းရှိကြောင်း၊ စိုက်ပျိုးရေ/ အောင်ရေ ရရှိရန် လိုအပ်ပါကြောင်း၊ ရာသီဥတု ဖောက်ပြန်၍ မိုးကာလ ရေလုံလောက်စွာ မရရှိသည့် ကိစ္စတွင် "ထောင်မြင်ရာစွန့်" ဟူသော စကားပုံရှိပြီး အရင်းအနှီးထည့်ရန်လိုပြီး အားထည့်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကောက်ကွက်အနေဖြင့် တစ်သိန်းခွဲ စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကောက်ကွက် မပြည့်ပါက စပါးအထွက်နှုန်း လျော့ချမည် ဖြစ်ကြောင်း၊ မြေစနစ်တကျပြင်ပြီး ကောက်ကွက် အပြည့်အဝ စိုက်ပျိုးခြင်း၊ နည်းလမ်း(၄) မျိုးဖြင့် ဆောင်ရွက်ပါက စပါးအထွက်တိုးလာမည် ဖြစ်ကြောင်း၊ တစ်ဧက တင်း ၇၀၊ ၈၀ အထိ ထွက်လာနိုင်ကြောင်း၊ စိုက်ဧက တစ်သိန်းရှိပြီး တစ်ဧက ၅ တင်း ပိုထွက်ပါက စပါးဈေးနှုန်း တစ်တင်း ၁၅၀၀ ကျပ်ဖြင့် တွက်ချက် ပါက ၇၅ ဘီလီယံ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ တစ်ဧက(၅) တင်း ပိုထွက်နိုင်အောင် လုပ်ဆောင်နိုင်ပါက ရခိုင်ပြည်နယ်တွင် ဝင်ငွေ ၇၅ ဘီလီယံ တိုးတက်လာမည်ဖြစ်ကြောင်း၊ ၇၅ ဘီလီယံ ရရှိနိုင်ရန်အတွက် မြေဩဇာနှင့် အခြားလိုအပ်သည့်အချက်များ အားထည့်ဆောင်ရွက်ပါက အမြတ်ရရှိမည်ဖြစ်ပြီး၊ မိုးစပါး ကိုအထွက်နှုန်းတိုးတက်စေရန် ကြိုးစားရန်လိုအပ်ပါကြောင်း၊ ကုလားတန်မြစ်၊ လေးမြို့မြစ် တို့တွင်မြစ်ရေတင်စီမံကိန်းများဖြင့် ရေရရှိရေးလုပ်ဆောင်ရန်နှင့် Solar စနစ်ဖြင့် လယ်သမား များ မိမိအစီအစဉ်ဖြင့်ဆောင်ရွက်နိုင်ကြောင်း၊ အစုအဖွဲ့များဖြင့် Solar စနစ် မြစ်ရေတင် စီမံကိန်းဆောင်ရွက်ရန်တင်ပြနိုင်ကြောင်း၊ သမဝါယမနှင့် ကျေးလက်

ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ မြစိမ်းရောင်စီမံကိန်းဖြင့် ချေးငွေများပေးနေပါကြောင်း၊ အစိုးရအနေဖြင့် ဆောင်ရွက်ရန်အတွက် ကုန်ကျစရိတ်များ များပြားနေကြောင်း၊ နေရာအချို့တွင် ကိုယ့်အစီအစဉ်ဖြင့် အားထည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှလည်း မြစ်ရေတင်စီမံကိန်းများ လုပ်ဆောင်နေသော်လည်း တောင်သူများက မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပါက နွေစပါးစိုက်ပျိုးနိုင်ကြောင်း၊ တစ်ဧက အထွက်နှုန်း တိုးတက်ရေးသည် နံပါတ်တစ် လုပ်ဆောင်ရမည့်အချက် ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးရေးသည် ဒုတိယဖြစ်ကြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပြောင်းသီးနှံတို့ သီးထပ်စိုက်ပျိုးနိုင်ကြောင်း၊ သက်တမ်းတိုသည့် သီးထပ်များ စိုက်ပျိုးပါက တောင်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘက်ကလည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တင်ပြချက်အပေါ် မိမိအစီအစဉ်ဖြင့် လုပ်ဆောင်နိုင်သည့် နည်းလမ်းများကို အသိပေးခြင်း ဖြစ်ကြောင်း၊ ချေးငွေနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် (၁၀) ဘီလီ ယံမှ ထောက်ပံ့ငွေပေးရန်အတွက် မွေးမြူရေးလုပ်ငန်း၊ အိမ်တွင်းစက်မှုလုပ်ငန်းများအတွက်လည်း ရှိကြောင်း၊ မျှပေးရမည်ဖြစ်ကြောင်း၊ မြေအောက်ရေရရှိရေးအတွက် ရေမရှိသော ချောင်းများကို ပိတ်ပြီး တမံဖို့ကာ မိုးရွာသည့်အခါ ရေရရှိရေးနည်းလမ်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဘူးသီးတောင်၊ မောင်တောဘက်တွင် လယ်ထောင့်များတွင် ရေတွင်းများတူး၍ စပါးစိုက်ပျိုးကြကြောင်း၊ နှစ်သီးစိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း၊ လုပ်ဆောင်ရ မည့် နည်းလမ်းများရှိပါသဖြင့် ဆောင်ရွက်ရန်အတွက် လူသာလျှင် ပဓာနဖြစ်ကြောင်း၊ ဆက်လက်၍ ရခိုင်ဒေသရှိ အစားအစာများတွင် ဆီအနည်းငယ်သာပါရှိပြီး ဒေသတွင်း ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နေကြာ၊ နှမ်း၊ မုန့်ညှင်းစေ့တို့ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် စိုက်ပျိုးနိုင်ကြောင်း၊ လယ်နှင့် ဆက်စပ်ပြီး မိုးစပါးစိုက်ပျိုး၍ ကျန်လယ်မြေများတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ပါက ရခိုင်ပြည်နယ်၏ ဆီဖူလုံမှုကို များစွာအထောက်အကူရရှိနိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အနေဖြင့် စီမံဆောင်ရွက်နိုင်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်သည့် နေရာများစွာ ရှိနေကြောင်း၊ ဆီစက်များအတွက် ချေးငွေထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ FDA Pass ရရှိရန် Quality ကောင်းရန် လိုအပ်ကြောင်း၊ ဆီဖူလုံရေးသည် နံပါတ်တစ် အချက်ဖြစ်ကြောင်း၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ခြင်းသည် နံပါတ်နှစ် အချက်ဖြစ် ကြောင်း၊ နေကြာတွင် ဆီနေကြာနှင့် ပန်းနေကြာရှိပြီး ဆီနေကြာသည် တစ်တောင်း ၅၀ ထွက်ပြီး ဆီပိဿာချိန် ၁၄၀ ထွက်ရှိကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်ပြီး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နည်းပညာ

အကူအညီပေးခြင်း၊ ချေးငွေရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဆီစက်များအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ချေးငွေရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ MSME ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်၊ ပြည်ပပို့ကုန် အထောက်အကူရရန်တို့ ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ ဆားထုတ်လုပ်ငန်းမည်ကဲ့သို့ ဆောင်ရွက်မည်ကို ဦးစားပေးရန် ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ အဆင့်မြင့်သည့် ဆားများထုတ်လုပ်နိုင်အောင် ကြိုးစားရမည် ဖြစ်ပါကြောင်း၊ ပြည်ပကို ပို့ဆောင်နိုင်ရန်လည်း အရေးကြီးပါကြောင်း၊ ချေးငွေရရှိရေးအတွက် သတ်မှတ်ချက်နှင့်ကိုက်ညီပါက ချေးငွေရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်နယ်တိုင်းအသီးသီးတွင် ချေးငွေရရှိရေး တင်ပြချက်များတွေ့ရှိကြောင်း၊ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေး ပြောကြားခဲ့ပါသည်။

**MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ**

၁၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး ပွဲ အခမ်းအနားအစီအစဉ် နေ့လယ် (၁၄:၁၀)နာရီအချိန်တွင် ပြီးမြောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပါသည်။ **ရခိုင်ပြည်နယ်**အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထုတ် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်း(၁၁၃)မျိုးကို ခင်းကျင်းပြသထားသော ပြခန်း(၂၂)ခန်းအား လှည့်လည်ကြည့်ရှု၍ နေ့လယ် (၁၄:၃၀) နာရီ အချိန်တွင် အစီအစဉ်များပြီးဆုံးခဲ့ပါသည်။ ဆွေးနွေးပွဲအခမ်းအနား၊ လှည့်လည်ကြည့်ရှုခြင်းနှင့် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု မှတ်တမ်း ဓာတ်ပုံများအား **နောက်ဆက်တွဲ (ဃ)** ဖြင့် တင်ပြအပ်ပါသည်။

**နိဂုံး**

၁၇။ **ရခိုင်ပြည်နယ်**အတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၎င်းတို့လိုအပ်နေသည့် အတိုးနှုန်းသက်သာသော ချေးငွေရရှိစေရေး၊ နည်းပညာရရှိရေး၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းမှုများအား အခွန်လျှော့ပေါ့စေရေး၊ ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုလျှော့ချနိုင်ရေး၊ ဆန်စပါးနှင့်ဆီထွက်သီးနှံများ မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး ဆန်စက်၊ ဆီစက်များ ထုတ်ကုန်အရည်အသွေး အဆင့်မြှင့် တင်နိုင်ရေး ဆောင်ရွက်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ လမ်းညွှန်မှာကြားချက်များအား

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

နောက်ဆက်တွဲ(က)

**စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရခိုင်ပြည်နယ် အတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား အစီအစဉ်**

| | |
|---|---|
| အစီအစဉ်(၁) | အခမ်းအနားစတင်ဖွင့်လှစ်ကြောင်းကြေညာခြင်း။ |
| အစီအစဉ်(၂) | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးထိန်လင်း မှ ရခိုင်ပြည်နယ် အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု တင်ပြခြင်း။ |
| အစီအစဉ်(၃) | ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အခြားစီးပွားရေးဆိုင်ရာ အသင်းများမှ တင်ပြခြင်း။<br>(က) ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးတင်အောင်ဦးက ဆွေးနွေးတင်ပြခြင်း။<br>(ခ) ရခိုင်ပြည်နယ် ဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရွှေထွန်းအောင် က ဆွေးနွေးတင်ပြခြင်း။<br>(ဂ) ရခိုင်ပြည်နယ် ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်အေးမောင်က ဆွေးနွေးတင်ပြခြင်း။<br>(ဃ) ရခိုင်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးသန်းဝင်း က ဆွေးနွေးတင်ပြခြင်း။ |
| အစီအစဉ်(၄) | တက်ရောက်လာကြသူများမှ အထွေထွေဆွေးနွေးတင်ပြခြင်း။ |
| အစီအစဉ်(၅) | ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အခြားစီးပွားရေးဆိုင်ရာအသင်းများမှ တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် တို့က ပြန်လည်ဆွေးနွေးတင်ပြခြင်း။ |
| အစီအစဉ်(၆) | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးအမှာစကားပြောကြားခြင်း။ |

## အစီအစဉ်(၇)　　　အခမ်းအနားပြီးမြောက်ကြောင်း ကြေညာခြင်း။

**နောက်ဆက်တွဲ(ခ)**

## ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တင်ပြချက်

၁။ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းလိုက်ပါတယ်။

၂။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ ဦးတင်အောင်ဦး ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတာကတော့ နယ်စပ်ကုန်သွယ်ရေးကဏ္ဍအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် တင်ပို့ရာမှ ဝင်ရောက်လာသည့် ပို့ကုန်ရငွေများ၏ ၃၅ % အား တစ်လ အတွင်း အသုံးပြုရန် ကန့်သတ်ချက်အား Export ကုမ္ပဏီမှ တစ်လအတွင်း Import တင်သွင်းမည့် ကုမ္ပဏီသို့ လွဲပြောင်းပေးရာတွင် Import တင်သွင်းမည့် ကုမ္ပဏီ၏ ငွေစာရင်းသို့ရောက်မှသာ တစ်လ သတ်မှတ်ချက်အား ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါတယ်။

၃။ စစ်တွေမှ တင်ပို့နေသည့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း ပိုမိုအဆင်ပြေစေနိုင်ရေးအတွက် စစ်တွေ-ရွှေမင်းဂံဆိပ်ကမ်းတွင် နယ်စပ်တင်ပို့နေသည့် စက်လှေများ လွယ်ကူလျင်မြန်စွာ ကုန်တင်ကုန်ချပြုလုပ်နိုင်ရေးအတွက် သင့်လျော်သည့် အမြင့်အတိုင်းအတာဖြင့် ဆိပ်ခံတံတားအား တိုးချဲ့ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

၄။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် စစ်တွေ၊ မောင်တောကုန်သွယ်ရေးစခန်းတို့မှ စက်လှေများဖြင့် ရေကြောင်းနည်းလမ်းဖြင့်သာ ယခုအချိန်ထိကုန်သွယ်နေကြပါတယ်။ နယ်စပ်ကုန်သွယ်ရေး ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးမောင်တောမြို့နယ်ရှိ တောင်ပြိုလက်ဝဲဒေသမှ ကားလမ်းဖြင့် ဆောင်ရွက်ခွင့်ပြုပေးပါရန်တင်ပြအပ်ပါတယ်။

၅။ ကုန်သွယ်မှုကဏ္ဍအနေဖြင့် ရန်ကုန် - စစ်တွေကားလမ်းအား ရာသီမရွေး ကုန်ကားကြီးများသွားလာနိုင်ရေး အဆင့်မြှင့်တင်ပေးပါရန်နှင့် တိုးတက်ဖွံ့ဖြိုးလာနိုင်သည့် ကုန်သွယ်မှုများအတွက် ရန်ကုန်- စစ်တွေကားလမ်းသည် အလွန်အရေးပါ ပါသည်။ ကုန်တင်ကားကြီးများ၊

ကွန်တင်နာတင်ကားများ ရာသီမရွေးသွားလာနိုင်မည့် လမ်းတံတား များအား BOT စနစ်ဖြင့် သို့မဟုတ် နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်။

၆။ အိန္ဒိယနိုင်ငံမှ ဆောင်ရွက်ပြီးစီးနေသည့် ကုလားတန်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမှ ဆောက်လုပ်အသုံးပြုနေသည့် စစ်တွေရှိ ဆိပ်ကမ်းအား ပြည်တွင်း ကုန်တင်ရေးယာဉ်များ ကပ်ခွင့်ပြုနိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်။

၇။ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ကမ်းရိုးတန်းသွား သင်္ဘောလိုင်းများ Coastal Shipping Line ဖြင့် ကုန်သွယ်မှု ဆောင်ရွက်နိုင်ရေးနှင့် Banking System ကို ခွင့်ပြု ဆောင်ရွက်ပေးပါရန်။ ကိုးလ်ကတ္တား(အိန္ဒိယ) - စစ်တွေ(မြန်မာ)၊ စစ်တကောင်း (ဘင်္ဂလားဒေ့ရှ်) -စစ်တွေ(မြန်မာ) Coastal Shipping Line များ အချိန်မှန်ပေးဆွဲစေခြင်းဖြင့် ကုန်သည် လုပ်ငန်းငယ်များ၊ MSME လုပ်ငန်းငယ်များလည်း ပို့ကုန်များ တင်ပို့နိုင်မည် ဖြစ်ပါသည်။ Banking System ကိုလည်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့နှင့် တိုက်ရိုက်ဆက်သွယ် နိုင်ပါက ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ပြုမည် ဖြစ်ပါတယ်။

၈။ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာနိုင်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်သည့် စက်မှုကဏ္ဍတိုးတက်ရေးသည် အရေးကြီးပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါသည့် စက်မှုဇုန်များ ဖော်ဆောင်ပေးစေလိုပါ သည်။ ပြည်နယ်မြို့တော်နှင့်လည်းမဝေး၊ Export Import လုပ်ငန်းများနှင့်လည်း ဆောင်ရွက်နိုင်သည့် ကုလားတန် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမှ ဆိပ်ကမ်းနှင့်လည်း မဝေးကွာ လှသော ပုဏ္ဏားကျွန်းစက်မှုဇုန်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးပါက လုပ်ငန်းရှင် များလည်း အဆင်ပြေ၊ အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်နိုင်လာပါသော ကြောင့် နိုင်ငံတော်မှ ပုဏ္ဏားကျွန်းစက်မှုဇုန်အား ခွင့်ပြုဆောင်ရွက်ပေးပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ရခိုင်ပြည်နယ်ဆားလုပ်ငန်းရှင်များအသင်းမှ တင်ပြချက်**

၉။ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊

ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းလိုက်ပါတယ်။

၁၀။ ကျွန်တော်ကတော့ မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်သည် ရွှေပြည်ဖြိုးကုန်ထုတ်လုပ်ငန်းစုကိုလုပ်ကိုင်ပြီး ဆားကြိတ်စက်၊ ဆန်စက်၊ စပါးခွံလောင်စာတောင့်စက်နှင့် သဘာဝဓာတ်မြေဩဇာများကို ထုတ်လုပ်သောလုပ်ငန်းကို လုပ်ကိုင်ပါသည်။ ကျွန်တော်တို့ ရွှေပြည်ဖြိုးလုပ်ငန်းစုသည် ၁၉၉၆ ခုနှစ်မှ ယနေ့ထိ (၂၇) နှစ်ခန့် သက်တမ်းရှိပြီဖြစ်ပါသည်။ စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက်ရှိ မြေဧရိယာ (၂.၇)ဧကပေါ်တွင် အလုပ်သမားအင်အား (၉၀)ကျော်ခန့်ဖြင့် လုပ်ကိုင်နေပါသည်။

၁၁။ ရခိုင်ပြည်နယ်တွင် နေလှန်းဆားကွင်း ၇ ထောင် ဧကခန့်ရှိပြီး ၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း နှစ်စဉ်ဆားကြမ်းတန်ချိန် (၇၀၀၀၀)မှ (၉၀၀၀၀) အထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဆားစက်အနေဖြင့် ရခိုင်ပြည်နယ်တွင် ၂၂ စက်ရှိပြီး တန်ချိန် (၁၅၀၀၀)ခန့်ကြိတ်ခွဲနိုင်ပါသည်။ ရခိုင်ပြည်နယ်တွင် တန်ချိန် (၇၀၀၀)ခန့် အသုံးပြု နိုင်ပြီး ကျန်အိုင်အိုဒင်းဆားများကို မကွေး၊ မင်းဘူး၊ ရန်ကုန်တိုင်းဒေသကြီးများသို့ ဖြန့်ဖြူးရောင်းချပါသည်။ ဆားစက်များအတွက် အဓိကကုန်ကြမ်းမှာ နေလှန်းဆားကွင်းမှ ဆားကြမ်းများဖြစ်ပြီး ဆားကြမ်းသန့်သန့်ရရှိရန် အလွန်အရေးကြီးပါသည်။ ဆားကြမ်း အသန့်များကို ငါးခြောက်/ ငံပြာရည်/ မျှစ်ချဉ်/ စက်မှုကုန်ကြမ်း လုပ်ငန်းများတွင် သုံးကြပြီး သုံးစွဲမှုကျယ်ပြန့်လှပါသည်။

၁၂။ ရခိုင်ပြည်နယ်မှ ထွက်သော ဆားကြမ်းများမှာ သဘာဝကွင်းများမှ မိရိုးဖလာမြေပေါ်တွင် လှန်းသဖြင့် အောက်ခံရွှံ့များပါဝင်နေပါသည်။ ယခင်က နေလှန်း ဆားကြမ်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်ခန့်မှ စ၍ နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ ရွှံ့ပါသော ဆားကြမ်းရောင်းဝယ်ရေးများ ရပ်ဆိုင်းခဲ့ပါသည်။ နေလှန်းဆားထုတ်လုပ်မှုလုပ်ငန်းတွင် မှီခိုနေသော ဒေသခံအိမ်ထောင်စု (၇၀၀၀)စုခန့် လူဦးရေ(၃၀၀၀၀) ခန့်ရှိပါတယ်။ ဆားကို ပလတ်စတစ်နှင့် နေလှန်းပါက ဆားကြမ်းအသန့်ရရှိမည်ဖြစ်ပြီး ထုတ်လုပ်မှုလည်း ပိုမိုလာမည်ဖြစ်သဖြင့် ဒေသမိသားစုများ ဝင်ငွေတိုးပြီး ကုန်ထုတ်စွမ်းအားတိုးတက်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တောင်သူများသို့ ပလတ်စတစ်နေလှန်းဆားထုတ်လုပ်နိုင်ရေး ပံ့ပိုးငွေများထိုက်သင့်သလို ထုတ်ချေးပေးနိုင်ရန် လိုအပ်ကြောင်း တင်ပြ

အပ်ပါတယ်။ ဆားကြမ်းထုတ်လုပ်ရန် လိုအပ်သော အခင်းပလတ်စတစ်များကို စက်မှုဝန်ကြီးဌာန စက်ရုံများမှ သက်သာတဲ့ဈေးနှုန်းဖြင့် ဝယ်ခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ နေလှန်းဆားကြမ်း ထွက်လာရင် ဆားစက်များတွင် ကြိတ်ခွဲခြင်းဖြင့် အိုင်အိုဒင်း ထည့်သွင်းပြီး ပြည်သူများ စားသုံးတဲ့ အိုင်အိုဒင်းဆားထုတ်လုပ်ရမှာဖြစ်ပါသည်။ ယခုအချိန်မှ နိုင်ငံအတွင်း ဆားချောထုတ်လုပ်မှု မလုံလောက်လို့ နိုင်ငံခြားကနေ နှစ်စဉ် အိုင်အိုဒင်းဆားချော တန်ချိန် (၃၀၀၀၀) ခန့်ကို နိုင်ငံခြားငွေအကုန်ခံပြီး တင်သွင်းနေရကြောင်း သိရပါတယ်။ ဒီထက်လည်း ပိုမိုတင်သွင်းနေရတာ ဖြစ်နိုင်ပါတယ်။ ဒေသတွင်းက ဆားစက်များကို အိုင်အိုဒင်းဆားချော ထုတ်လုပ်နိုင်ရေး အဆင့်မြှင့်တင်ပေးရန် လိုအပ်ပြီး စက်ရုံများ အဆင့်မြှင့်တင်ရေးအတွက် ထောက်ပံ့ချေးငွေများပေးရန်လည်း လိုအပ်ပါတယ်။

၁၃။ ကျွန်တော်တို့ဒေသမှာ ဆားကြမ်းထုတ်လုပ်မှု အဆင့်မြှင့်တင်ပြီး အိန္ဒိယ ပညာရှင်များ ခေါ်ယူ၍ လုပ်ငန်းရှင်များ စုပေါင်းပြီး ကျန်းမာရေး ဓာတ်ဆားအဆင့်ထိ ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။

၁၄။ အဆင့်မီစက်ရုံကို ကိုယ်တိုင် ကြိတ်ခွဲထုတ်လုပ်ရန် စက်ရုံတည်ဆောက်စရိတ် ကျပ်သန်း(၂၁၀၀)လိုအပ်ပါမည်။ အရင်းကျေကာလ (၅)နှစ်ဖြင့် သက်တမ်းချေးငွေ ပံ့ပိုးပေးပါရန် လျှောက်ထားအပ်ပါသည်။ နိုင်ငံခြားမှ စက်ကိရိယာများ တင်သွင်းပြီး ဆားကြမ်းသန့်များ/ ဆားချောသန့်များ တင်ပို့ရောင်းချပါက နိုင်ငံတော်အတွက် ဒေသထွက်ကုန်၊ ပို့ကုန်အမည်သစ်ဖြင့် နိုင်ငံခြားငွေ ရရှိသွားမည်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ နှစ်စဉ် ဆားတန်ချိန်(၅)သိန်းခန့်လိုအပ်ပြီး ပြင်ပနိုင်ငံကနေ တင်သွင်းနေရ ကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ စစ်တွေဆိပ်ကမ်းကနေ ဆားကြမ်း၊ ဆားသန့်နှင့် ဆားချောများကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့ခွင့်ရပါက ရခိုင်ပြည်နယ်သာမက ဆားထုတ်လုပ်တဲ့ ဧရာဝတီတိုင်းဒေသကြီးက ဆားတောင်သူနှင့် ဆားစက်များလည်း အဆင်ပြေကြမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

## ရခိုင်ပြည်နယ်ဆန်စပါးကုန်သည်များအသင်း တင်ပြချက်

၁၅။ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်

တိုင်းမှူးနှင့် တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းလိုက်ပါတယ်။

၁၆။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ဆန်စပါးကုန်သည်များအသင်းခွဲ၊ ဥက္ကဋ္ဌ ဦးရွှေထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတာကတော့ ရခိုင်ပြည်နယ်ရဲ့ ဆန်စပါး ကဏ္ဍကို အလေးထား တင်ပြသွားမှာ ဖြစ်ပါတယ်။ ဆန်စပါးကဏ္ဍကို စိုက်ပျိုး ထုတ်လုပ်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းဟူ၍ အပိုင်း(၃)ပိုင်းကို သီးခြား တင်ပြသွားမှာ ဖြစ်ပါတယ်။

၁၇။ စိုက်ပျိုးထုတ်လုပ်တဲ့အပိုင်းမှာ ရခိုင်ပြည်နယ်အတွင်း မိုးစပါးစိုက်ဧက(၁၂) သိန်းကျော် ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် စပါးမစိုက်ပျိုးနိုင်တဲ့ ဧကများ ရှိသဖြင့် စိုက်ဧက (၁၀)သိန်းကျော် ဝန်းကျင်လောက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ရာသီဥတုကောင်းမွန်ပါကတစ်ဧက တင်း ၆၀/၇၀ လောက် ထွက်ရှိနိုင်ပြီး ရာသီဥတုဖောက်ပြန်ပါက အထွက်နှုန်း လျော့ကျ သွားနိုင်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း လက်ရှိ နေထိုင်တဲ့ လူဦးရေအတွက် တစ်နှစ်စာ စားသုံးမှု၊ ဖူလုံမှု၊ ပိုလျှံမှုကို တွက်ချက်ပါက နှစ်စဉ်ပိုလျှံကြောင်း တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်အတွင်း စပါးစိုက်ပျိုးရာတွင် ဧည့်မထ အုပ်စုနှင့် ပေါ်ဆန်းမွှေးအုပ်စုတို့ကိုသာ အဓိကထား စိုက်ပျိုးကြပြီး ကျန်မျိုးများကို အနည်းငယ်သာ စိုက်ပျိုးကြပါတယ်။ ပေါ်ဆန်းမွှေးဆန်မှာ ဒေသတွင်း စားသုံးရန် ဖြစ်ပြီး စားသုံးရာမှ ပိုလျှံသော ၂၀၂၂ ခုနှစ်ထွက် ပေါ်ဆန်းမွှေးဆန်ဟောင်းများမှာ ယခုထိ သိုလှောင်ထားလျက်ရှိပါတယ်။ ရခိုင်ပြည်နယ် အတွင်း စပါးကို မိုးရာသီအတွင်းသာ အဓိက စိုက်ပျိုးခဲ့ကြပြီး တစ်ခြားပြည်နယ်နှင့် တိုင်းဒေသကြီးများကဲ့သို့ နွေစပါး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများအပြင် လျှပ်စစ်ကို ချွေတာနိုင်သော Solar System ဖြင့် မြစ်ရေတင်စီမံကိန်းများကို ပြည်နယ်တွင်း ရေချိုမြစ်များ ဖြစ်သည့် လေးမြို့မြစ်၊ ကုလားတန်မြစ်များတစ်လျှောက် ကျွမ်းကျင်သော တတ်သိပညာရှင် များဖြင့် စီမံကိန်းအောင်မြင်အောင် ဖန်တီးပေးသင့်ပါကြောင်း တင်ပြလိုပါသည်။ ပြည်နယ် အတွင်း ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်း ဆည်သည် လယ်ဧက(၅၀၀၀) ခန့်ကို အကျိုးပြု စိုက်ပျိုးနိုင်သော်လည်း ရေသွင်းရေထုတ် ရေတံခါးများ၊ မြောင်းလက်တံ၊ ရေနုတ်မြောင်းများ စသည်တို့မှာ ပျက်စီးနေပြီး ရေလုံလောက်စွာ ပေးဝေနိုင်ခြင်းမရှိသဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန် အခက်အခဲများ ရှိနေခြင်း ဖြစ်ပါတယ်။ ပြိုင်းချောင်းဆည်ကဲ့သို့

ဓါးချောင်းဆည်နှင့် တစ်ခြားဆည်များလည်းရှိရာ ၎င်းဆည်များကိုလည်း ပြုပြင်သင့်သည် များကိုပြုပြင်ပြီး ရခိုင်ပြည်နယ်အတွင်း မိုးစပါးအပြင် နွေစပါးကိုလည်း စိုက်ပျိုးနိုင်အောင် စီမံဆောင်ရွက်ပေးနိုင်ပါက ရခိုင်ပြည်နယ်၏ ကျေးလက်နေ တောင်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ တိုးတက်လာနိုင်ပြီး ပြည်နယ် အတွက်လည်း ဆန်စပါးအထွက်နှုန်း များပြားလာနိုင်ပြီး နိုင်ငံခြားသို့ အရည်အသွေးမြင့်၊ အဆင့်မြင့်ဆန်များ တင်ပို့ရောင်းချလာနိုင်ကာ နိုင်ငံခြားဝင်ငွေများပိုမိုရရှိ လာမည်ဖြစ်ပါ တယ်။

၁၈။ ကြိတ်ခွဲထုတ်လုပ်ခြင်းကဏ္ဍတွင် ယခင်က ဟာလာခေါ် ငါးပုံဆန်စက်များ ဖြင့်သာ ကြိတ်ခွဲနေရာမှ ယခုအခါ တစ်နေ့တန်(၁၀၀)၊ တန်(၅၀) ကျ ခေတ်မီ ဆန်စက်များကို ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများမှ မှာယူတင်သွင်းပြီး ပုဂ္ဂလိကများမှ တပ်ဆင် တည်ဆောက်၍ အရည်အသွေးကောင်းမွန်သော အဆင့်မြင့်(**၅%**) ဆန်များကို ထုတ်လုပ်နိုင်ကာ နိုင်ငံခြားသို့ တင်ပို့နိုင်သည်အထိ ကြိတ်ခွဲထုတ်လုပ်နေပြီလည်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ကြိတ်ခွဲထုတ်လုပ်မှုအပိုင်းတွင် ခေတ်မီဆန်စက်ကြီးများ ရှိလာပြီဖြစ်သဖြင့် တစ်ခြားပြည်နယ် နှင့် တိုင်းဒေသကြီးများကို ယှဉ်ပြိုင်လာနိုင် သည်အထိ တိုးတက်နေပြီ ဖြစ်ပါတယ်။

၁၉။ ရောင်းဝယ်ခြင်းကဏ္ဍတွင် ရခိုင်ပြည်နယ်အတွင်း အများဆုံးစိုက်ပျိုးသည့် ပေါ်ဆန်းမွှေး အုပ်စုနှင့် ညှော့မထအုပ်စုများ အများဆုံးစိုက်ပျိုးကြရာ၌ ပေါ်ဆန်းမွှေးဆန်မှာ ဒေသတွင်း စားသုံးကြပြီးတော့ ဒေသတွင်းစားသုံးမှု၌ အမြဲတမ်းပိုလျှံသည့် ညှော့မထဆန်များကို မန္တလေး၊ မူဆယ်ကားလမ်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ လည်းကောင်း၊ ရေလမ်း၊ ကုန်းလမ်းဖြင့် ရန်ကုန်မြို့မှတစ်ဆင့် နိုင်ငံခြားဈေးကွက်များသို့ လည်းကောင်း၊ ကားလမ်းဖြင့် မကွေး၊ ရေနံချောင်း၊ ပခုက္ကူမြို့ ဈေးကွက် များသို့ လည်းကောင်း အသီးသီး တင်ပို့ရောင်းချ ကြပါတယ်။ ယခုနှစ်ပိုလျှံသော ဆန်များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ နှစ်နိုင်ငံ G2G သဘောတူညီချက် (MoU) ချုပ်ဆိုပြီး တစ်ဘက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်းထဲမှ ရခိုင်ပြည်နယ်အတွက် ဆန်တန်ချိန်(၂၅၀၀၀)ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယအပတ်တွင် ရခိုင်ပြည်နယ်၊ စစ်တွေဆိပ်ကမ်းမှတစ်ဆင့် တင်ပို့နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ်လည်း နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးစားဆောင်ရွက် သွားမည်ဖြစ်ပါတယ်။

၂၀။ ဆန်စက်ကဏ္ဍကို တင်ပြရလျှင် ယခင်က ရခိုင်ပြည်နယ်တွင် **(၁၅)**တန်ဝန်းကျင် ဟာလာဆန်စက်များ၊ အရည်အသွေးမပြည့်မှီသည့် ဆန်စက်များရှိခဲ့ရာမှ ယခုအခါ ခေတ်မီ တရုတ်နိုင်ငံထုတ်နှင့် ဂျပန်နိုင်ငံထုတ်ဆာဒါကဲ အဆင့်မြှင့် ဆန်စက်များ အလုံး **(၂၀)**ရှိလာပြီး ဖြစ်ပါသည်။ ၎င်းတွင်တန် **(၁၀၀)** ကျ **(၃)**လုံးနှင့် (၅၀)တန်ဆန်စက် (၁၇) လုံး ရှိလာပြီး ဖြစ်ပါသည်။ အဆိုပါ ခေတ်မီဆန်စက်များမှ MRF ၏ ဦးဆောင်မှုဖြင့် Mapco ကုမ္ပဏီမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၅)မတ် ဆန်၊ ဆန်တန်ချိန် (၂၅၀၀)ကို ပထမအကြိမ်အဖြစ် စစ်တွေဆိပ်ကမ်းမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယ အပတ်တွင် တင်ပို့ ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ယခုထက်ပိုမို၍ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် အရည်အသွေးမြင့် ဆန်များထွက်ရှိသည့် ခေတ်မီအဆင့် မြင့်ဆန်စက်များကို ထပ်မံတိုးချဲ့ လုပ်ကိုင်လျက် ရှိပါတယ်။

၂၁။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရခိုင်ပြည်နယ်၌ ခေတ်မီအဆင့်မြင့်ဆန်စက်များ၊ အခြောက်ခံစက်များ၊ လျှပ်စစ်ဓာတ်အားအစားထိုး စပါးခွံလောင်စာသုံး အင်ဂျင်များ တည်ဆောက်အသုံးပြုနိုင်ရေးနှင့် ဆန်စပါးများထားသိုနိုင်ရန်အတွက် သိုလှောင်ရုံများ အခက်အခဲရှိနေပါသဖြင့် အတိုးနှုန်းအနည်းငယ်ဖြင့် ချေးငွေများကို ပံ့ပိုးပေးခြင်းဖြင့် ဆန်စက်လုပ်ကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်ပါတယ်။

၂၂။ နိဂုံးချုပ်အနေဖြင့် တင်ပြရပါက စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် နိုင်ငံတော်မှလည်း အားပေးကူညီပြီး ရခိုင်ပြည်နယ်ရှိ တောင်သူများမှလည်း အားသွန်ခွန်စိုက်ထုတ်လုပ်နိုင်ပါက ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးနိုင်မည်ဟု ထင်မြင်မိပါတယ်။ နိုင်ငံတော်မှ ရခိုင်ပြည်နယ်အတွက် ပံ့ပိုးပေးထားသော နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်**(၁၀)** ဘီလီယံ ထဲမှလည်း ရခိုင်ပြည်နယ်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်စိတ်တစ်ပိုင်း ပံ့ပိုးကူညီပြီး ထုတ်ချေးမည်ဆိုပါက ၎င်းရန်ပုံငွေများဖြင့် ပြည်နယ်အတွင်း ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးလာနိုင်ပြီး စပါးအထွက်နှုန်း တိုးတက်အောင် စီမံဆောင်ရွက်နိုင်မှာလည်းဖြစ်ပါတယ်။ သို့မှသာ ၎င်းမျိုးကောင်းမျိုးသန့် စပါးများမှ စပါးအထွက်နှုန်း ကောင်းမွန်လာမည်ဖြစ်သလို ထွက်ရှိလာသောစပါးများ ကိုလည်း ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲပြီး အရည်အသွေး မြင့်မားသည့် နိုင်ငံတကာ အဆင့်မီအဆင့်မြင့် ဆန်များကို ကြိတ်ခွဲထုတ်လုပ်လာနိုင်မည်ဖြစ်ကာ ရခိုင်ပြည်နယ်မှ တစ်ဆင့် ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာ ဈေးကွက်များသို့ ဈေးကွက်ထိုးဖောက်

လာနိုင်မည်ဟု ထင်မြင်မိပါတယ်။ နိုင်ငံတော်မှလည်း သွင်းအားစု ဓာတ်မြေသြဇာများနှင့် စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးကူညီသင့်သည်များကို ပံ့ပိုးကူညီခြင်း၊ ဒေသတွင်း စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ/ ဆန်စက်ပိုင် ကုန်သည်များအနေဖြင့်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ပြီး ဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်ရဲ့ ဆန်စပါးကဏ္ဍဖွံ့ဖြိုး တိုးတက်လာနိုင်ပြီး လူမှုစီးပွား ဘဝမြင့်တက်လာမည်ဟု ယုံကြည်ပါ ကြောင်း လေးစားစွာ ဂါဝရပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူး တင်ရှိပါတယ်။

## ရခိုင်ပြည်နယ်ဆီစက်လုပ်ငန်းရှင်နှင့် ဆီကုန်သည်ကြီးများအသင်းမှ တင်ပြချက်

၂၃။ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဦးစွာဆုတောင်းလိုက်ပါတယ်။

၂၄။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်ဆီစက်နှင့် ဆီကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌ ဦးကျော်အေးမောင်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဆီစက်နှင့် ဆီကုန်သည်ကြီးများ အသင်း၏ ရည်ရွယ်ချက်များအနက် အဓိကအားဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီကို အိမ်တိုင်းစေ့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် လုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရန်၊ ပြည်တွင်းစားသုံးမှုဖူလုံအောင် ကြိတ်ခွဲထုတ်လုပ်နိုင်ရန်၊ ပြည်ပမှ စားသုံးဆီ တင်သွင်းနေရမှုကို နှစ်အလိုက်လျှော့ချနိုင်အောင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေ ချွေတာနိုင်ရန်၊ နိုင်ငံတော်တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား ဈေးကွက်ပေါက်ဈေးထက် ဈေးနှုန်းသက်သာ စွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန်တို့ ဖြစ်ပါတယ်။

၂၅။ ရခိုင်ပြည်နယ်၏ လူဦးရေ(၃)သန်းခန့်အတွက် တစ်ဦးလျှင် တစ်ရက်(၂.၅) ကျပ်သား နှုန်းဖြင့် တစ်နှစ်စားသုံးဆီ လိုအပ်ချက် ပိဿာချိန် (၂၇)သန်းခန့် လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်၌ တစ်နှစ်လျှင် ပိဿာချိန် (၁၆၀,၀၀၀)ခန့်သာ ထုတ်လုပ်နိုင်သောကြောင့် နှစ်စဉ် ဆီပိဿာချိန် (၂၆.၈)သန်းခန့်ကို ဝယ်ယူသုံးစွဲနေရပါတယ်။ ဒါ့ကြောင့် ရခိုင်ပြည်နယ်

တွင် ဆီထွက်သီးနှံ(မြေပဲ) တိုးချဲ့စိုက်ပျိုးပြီး ဆီကြိတ်စက်များ ထပ်မံတည်ဆောက်ရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ၂၀၂၁ -၂၀၂၂ ခုနှစ် ရခိုင်ပြည်နယ်၏ ဆီထွက်သီးနှံ (မြေပဲ) စိုက်ပျိုးမှုမှာ ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီး ဌာန၏ စာရင်းအရ စိုက်ပျိုးဧက (၉၈၁၅၆)ဧက စိုက်ပျိုးခဲ့ပြီး ဆီထွက်သီးနှံ (မြေပဲ) တင်းပေါင်း (၄.၂၆)သန်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားပါတယ်။ ရခိုင်ပြည်နယ်၏ ရာသီဥတုနှင့် မြေအနေအထားအရ ဆီထွက်သီးနှံ (မြေပဲ) စိုက်ဧကကို လက်ရှိထက် (၂)ဆခန့် တိုးချဲ့စိုက်ပျိုးနိုင်ကြောင်းလည်း တွေ့ရှိရပါတယ်။

၂၆။ ကုန်ကြမ်းလှိုင်လှိုင်ပေါ်သည့် နိုဝင်ဘာလမှ ဧပြီလအထိ **(၆)**လ အတွင်းသာ မိမိဒေသ ထွက် ကုန်ကြမ်း၏ **(၅%)**ခန့်ကိုသာ ဝယ်ယူအသုံးပြု ထုတ်လုပ်နိုင်ပါတယ်။ ရခိုင်ပြည်နယ်မှ စိုက်ပျိုးထွက်ရှိလာသော ဆီထွက်သီးနှံ (မြေပဲ) တင်း (၄.၂၆)သန်း အားလုံးကိုသာ ဆီစက်များမှ ဝယ်ယူသိုလှောင်ကြိတ်ခွဲနိုင်မည်ဆိုပါက စားသုံးဆီ ပိဿာ (၉.၃၇) သန်းခန့် ထွက်ရှိလာမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားတွင် ဆီစက်ပိုင်ရှင်များ အနေဖြင့် ရခိုင်ပြည်နယ်မှ ထွက်ရှိသည့် ဆီထွက်သီးနှံ(မြေပဲ) အားလုံးကို ဝယ်ယူသိုလှောင် ကြိတ်ခွဲနိုင် ခြင်းမရှိသောကြောင့် အခြားဒေသများသို့ တင်ပို့ရောင်းချနေရသဖြင့် တောင်သူများ အနေဖြင့် ထိုက်သင့်သော ဈေးမရရှိခြင်း၊ ဆီစက်များအနေဖြင့်လည်း မိမိဒေသ၌ ကုန်ကြမ်း ပြတ်လပ်သည့် အချိန်တွင် အခြားဒေသများမှ ပြန်လည်ဝယ်ယူ ကြိတ်ခွဲနေရသောကြောင့် သယ်ယူပို့ဆောင်ခကုန်ကျမှု ပိုမိုခြင်း၊ ကုန်ကြမ်းဈေးနှုန်း ကြီးမားခြင်း၊ အချိန်ကြန့်ကြာ ခြင်းစသည့် အခက်အခဲများ ကြုံတွေ့နေရပါတယ်။ ရခိုင်ပြည်နယ်ရှိ စိုက်ပျိုးမြေများ၌ ဆီထွက်သီးနှံ **(မြေပဲ)**ဧက မြောက်မြားစွာ တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ တောင်သူလယ်သမား များအနေဖြင့် စိုက်ပျိုးဧက တိုးချဲ့စိုက်ပျိုးလိုသော်လည်း မြေဩဇာဈေးကြီးမြင့်မှု၊ လုပ်သား အင်အားရှားပါးမှုနှင့် ရင်းနှီးငွေအခက်အခဲကြောင့် တိုးချဲ့စိုက်ပျိုးနိုင်မှုမရှိသည်ကို လေ့လာ တွေ့ရှိရပါတယ်။ တိုးချဲ့စိုက်ပျိုးနိုင်ပါက နိုင်ငံတော်စားသုံးဆီ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်း ပေးနိုင်ပါမည်။ လက်ရှိ ဆီစက်များသည် သက်တမ်းကြာမြင့်နေခြင်း၊ ဆီထွက်နှုန်း လျော့ကျ လာခြင်း၊ သန့်ရှင်းမှုနည်းပါးလာခြင်းတို့ကြောင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။

၂၇။ ကုန်ကြမ်းထွက်ရှိသည့် ရာသီတွင် မိမိဒေသထွက် ကုန်ကြမ်းများကို ဝယ်ယူ သိုလှောင်ထားနိုင်ရေးအတွက် ကုန်ကြမ်းဝယ်ယူစရိတ်၊ သိုလှောင်ရုံနှင့် အခြောက်ခံစက်

ဝယ်ယူနိုင်ရေးအတွက် လုံလောက်သော နှစ်ရှည်ချေးငွေတစ်ရပ် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

၂၈။ FDA ညွှန်ကြားချက်အပြင် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ဖြစ်သော GMP, ISO, HACCP လက်မှတ်များ ရရှိနိုင်ရေးအတွက် ဆီကြိတ်စက်နှင့် ဆီသန့်စင်စက် အသစ်များ တပ်ဆင်တည်ဆောက်နိုင်ရေးအတွက် သက်သာသော အတိုးဖြင့် နှစ်ရှည် ချေးငွေ ထုတ်ချေးပေးပါရန် တင်ပြအပ်ပါတယ်။

၂၉။ နိုင်ငံ့ဝန်ထမ်းများအား ဈေးသက်သာစွာဖြင့် စားသုံးဆီရောင်းချပေးနိုင်ရန်အတွက် မိမိတို့ အသင်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေကျပ်သိန်း (၅၀၀၀)ခန့် ထုတ်ချေး ပေးနိုင်ပါရန်နှင့် ဆီထွက်သီးနှံ (မြေပဲ)စိုက်ပျိုးရေး အထူးချေးငွေ ထုတ်ချေးပေးပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ် ဆီစက်လုပ်ငန်းရှင်များနှင့် ဆီကုန်သည်ကြီးများအသင်းမှ ဆီထွက်သီးနှံ(မြေပဲ) စံပြစိုက်ကွင်း တည်ထောင်နိုင်ရေးအတွက် စစ်တွေဟိုတယ် အနောက်ဘက် သဲချောင်းမှ မှန်စီကျေးရွာကြားရှိ မြေလွတ်မြေရိုင်းများမှ ဧက(၅၀)ခန့်အား လုပ်ထုံးလုပ်နည်း နှင့်အညီ ချထားပေးပါရန်နှင့် ပြည်သူလူထုနှင့် ဝန်ထမ်းများကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးအသင်းအား အစိုးရမှ ရည်ညွှန်းဈေးဖြင့် စားသုံးဆီ ဝယ်ယူခွင့်ပြုပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဒေါ်မအေး(ရွှေကျား ရိုးရာရက်ကန်းလုပ်ငန်း)**

**၃၀။ စစ်တွေမြို့နယ်၊ ကျားမသောက်ကျေးရွာတွင် ရွှေကျားအမည်ဖြင့် ချည်မျှင်၊ အထည် အလိပ်နှင့် ရက်ကန်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး မိမိမှာ မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည် အလိပ် လုပ်ငန်းရှင်များအသင်းတွင်** EC **တစ်ဦးဖြစ်ပြီး ပညာရေးဝန်ထမ်း အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး တစ်ဦးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ချည်မျှင်၊ အထည် အလိပ်နှင့် ရက်ကန်းလုပ်ငန်းများအကြောင်းကို အနည်းငယ်ဆွေးနွေး တင်ပြလိုပါကြောင်း၊ ရခိုင် ပြည်နယ်တွင် ရက်ကန်းလုပ်ငန်းကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ သံတွဲ စသည့်မြို့နယ်များတွင် လုပ်ကိုင်ကြပါကြောင်း၊ စစ်တွေမြို့နယ်တစ်ခုတည်း တွင် ကျေးရွာပေါင်း(၁၅)ရွာခန့် လုပ်ကိုင်ကြပါကြောင်း၊ ရက်ကန်းလုပ်ငန်းသည် ကျေးလက် ကို အခြေခံသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို**

အထောက်အကူပြုပါကြောင်း၊ ရက်ကန်းလုပ်ငန်းတွင် စက်ရက်ကန်းနှင့် လက်ရက်ကန်း ဟူ၍ ၂ မျိုးရှိပါကြောင်း၊ မိမိတို့ဒေသတွင် မိရိုးဖလာ ရိုးရာရက်ကန်းစင်အပြင် အဆင့်မြင့် လက်ရက်ကန်းများ စက်ရက်ကန်းများဖြင့် သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် မိမိတို့ လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားလုပ်ကိုင်နေကြပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ရက်ကန်း လုပ်ငန်းရှင်များသည့် ဆိုးရွားလှသည့် ကိုဗစ်ကပ်ဘေးနှင့်အတူ စိန်ခေါ်မှု မြောက်မြားစွာကို ကြုံကြုံခံ ကျော်ဖြတ်ရင်း နလန်ထခါစ လူမမာကဲ့သို့ လမ်းကောင်းကောင်း မလျှောက်နိုင် သကဲ့သို့ ဖြစ်နေရကြောင်း၊ ၎င်းကာလတွင် ရက်ကန်းအလုပ်သမားများဘဝ အလုပ်လက်မဲ့ မဖြစ်စေရေးအတွက် ရက်ကန်းလုပ်ငန်းရှင်များမှ အင်တိုက်အားတိုက်ဖြင့် ကြိုးစားရပ်တည် နေရပါကြောင်း၊ ကုန်ကြမ်းများကို အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် နှစ် ၈၀၊ နှစ် ၁၀၀၊ နှစ် ၄၀ နှင့် ပိုးချည်များ ၊ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ပိုးချည်များကို အများဆုံးအသုံးပြုကြရပါ ကြောင်း၊ ၎င်းချည်ကုန်ကြမ်းများကို ရန်ကုန်၊ မန္တလေး၊ မုံရွာ စသည့် ဒေသများမှ ဝယ်ယူရပါကြောင်း၊ ဝယ်ယူရသည့်အခါတွင်လည်း မိမိဝယ်ယူလိုသည့်အချိန်တွင် ဝယ်ယူ၍ မရသည့် အခက်အခဲများ ရှိနေပါကြောင်း၊ မိမိတို့ ကုန်ကြမ်းလိုအပ်ချိန်တွင် ကုန်သည် လက်ထဲတွင် ကုန်ကြမ်းမရှိခြင်း၊ ကုန်သည်လက်ဝယ်တွင် ကုန်ကြမ်းရှိချိန်တွင် မိမိတို့၌ ငွေလုံလောက်မှု မရှိခြင်းများကြောင့်ဖြစ်ကြောင်း၊ ယခုခေတ်သည် ဖက်ရှင်ခေတ်ဖြစ်သည့် အတွက် ခေတ်နှင့်အညီ ရင်ဘောင်တန်းနိုင်ရေးအတွက် နည်းပညာများ လိုအပ်ပါကြောင်း၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်သည့် ဒေသများသို့ လည်းကောင်း၊ နိုင်ငံများသို့ လည်းကောင်း၊ လေ့လာရေးခရီးဖြစ်ဖြစ်၊ ထိုကဲ့သို့ အထောက်အကူပြုစေမည့် သင်တန်းများ ဖြစ်ဖြစ် နိုင်ငံတော်မှ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရက်ကန်းလုပ်ငန်းကို မှီခိုနေကြသည့် ရက်ကန်းလုပ်သားများဘဝ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ပေးစေလိုပါကြောင်း ၊ ချည်မျှင်၊ အထည်အလိပ် ပြပွဲကြီးများကို မိမိတို့ဒေသတွင် ပြသပေးစေလိုပါကြောင်း၊ မိမိအနေဖြင့် ရှန်ဟိုင်း၊ ဘန်ကောက်၊ နန်နင်း၊ ကွမ်ရှီးတို့တွင် တက်ရောက်ခဲ့ဖူးပါကြောင်း၊ ၎င်းပြပွဲများမှ ဗဟုသုတများစွာ ရရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပြပွဲကြီးများ မိမိတို့ဒေသတွင် ဆောင်ရွက်ပေးပါက ဒေသရှိ လုပ်ငန်းရှင်များအနေ

ဖြင့်လည်း ဗဟုသုတများစွာ တိုးပွားလာပြီး လုပ်ကိုင်ဆောင်ရွက်လိုစိတ်များ ပိုမို ထက်သန်လာမည်ဖြစ်ကြောင်း၊ ဆက်လက်၍ စက်ရက်ကန်းများ တည်ထောင်လိုသူ လုပ်ငန်းရှင်များလည်း မိမိတို့ဒေသတွင် ရှိနေပြီဖြစ်သည့်အတွက် မိမိတို့ ရက်ကန်းလုပ်ငန်းကိုလည်း နိုင်ငံတော်မှ မတည်ငွေ၊ ရင်းနှီးငွေများ ကူညီပေးစေလိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဒေါ်မခင်ရွှေ (OK သံသေတ္တာ၊ သံထူ၊ သံပါး လုပ်ငန်းရှင်)**

**၃၁။ ကျွန်မကတော့** OK **သံသေတ္တာ၊ သံထူ၊ သံပါး လုပ်ငန်းပိုင်ရှင် ဒေါ်မခင်ရွှေဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်တွင် အဆိုပါလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ပြီး နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခင်က သံသေတ္တာလုပ်ငန်းကိုသာ လုပ်ကိုင်ခဲ့ပြီး ယခုနောက်ပိုင်းတွင် ကုန်ထုတ်လုပ်ငန်းကို လုပ်ကိုင်ရန် စီစဉ်ခဲ့ပြီး** NGO **အဖွဲ့များမှ ကမ်းလှမ်းလာ၍ မီးချိတ်၊ မီးကတ်၊ အကြံပေးစာပုံးများအပါအဝင် လုပ်ငန်း ၃၀ ခန့် တိုးချဲ့ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒိန်းမတ်နိုင်ငံမှ ရခိုင်ပြည်နယ် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းထုတ်လုပ်ရန် အရင်းအနှီးထည့်ငွေ ၄၀ ရာခိုင်နှုန်း၊ လုပ်ငန်းရှင်မိမိမှ ၆၀ ရာခိုင်နှုန်းဖြင့်ပူးပေါင်းဆောင်ရွက်ရန် လျှောက်ထားခဲ့ရာ စက်ပစ္စည်း ၃ မျိုး ရရှိခဲ့ပါကြောင်း၊ ၎င်းရရှိခဲ့သည့် စက်ပစ္စည်း ၃ မျိုး ထားရှိရန် မြေနေရာ လျှောက်ထားခဲ့ကြောင်း၊ လျှောက်ထားသည့်အချိန်ကာလ ၄ နှစ်ကျော်ခဲ့ပြီး ၅ နှစ်ထဲ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့လည်း စာဖြင့် တင်ပြထားရှိပါကြောင်း၊ ကူညီဆောင်ရွက်ပေးစေ လိုပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။**

**ဒေါ်ဟေမာစံ(ဟိန်းရွှေရောင် ခနိဖူးခြောက်လုပ်ငန်း)**

**၃၂။ ကျွန်မကတော့ ဟိန်းရွှေရောင် ခနိဖူးခြောက်လုပ်ငန်း လုပ်ငန်းပိုင်ရှင် ဒေါ်ဟေမာစံဖြစ်ပါတယ်။** မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် တစ်ဦးဖြစ်ပါကြောင်း ခနိနှင့် ပတ်သက်၍ စွန့်ဦးတီထွင်သူအဖြစ် လုပ်ကိုင်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် ခနိလက်ဖက်ခြောက်ကို စတင်တီထွင် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ခနိပင်၊ ခနိတန်းများ၏ များစွာတန်ဖိုးရှိပုံကို အင်တာနက် Network စာမျက်နှာတွင် ရှာဖွေ၍ စဉ်ဆက်မပြတ်

လေ့လာတွေ့ရှိခဲ့ပါကြောင်း၊ ၅-၇-၂၀၂၃ ရက်နေ့ နေပြည်တော်၊ ရုံးအမှတ် (၁၆) တွင် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဓနိနှင့် ပတ်သက်သည့် စာတမ်းကို Power Point ဖြင့် ရှင်းလင်းတင်ပြနိုင်ခဲ့ပြီး ရခိုင်ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များ နှင့် ပူးပေါင်း၍ တီထွင်လုပ်ကိုင်ရန် တိုက်တွန်းခဲ့ပါသဖြင့် ပြည်နယ်အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ဦးစီးမှူးမှ ဖိတ်ကြားလာသဖြင့် ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး ဓနိနှင့် ပတ်သက်သော စွန့်ဦးတီထွင်မှုများကို စစ်တွေမြို့တွင် တစ်လတိတိ တီထွင်လုပ်ကိုင်ခဲ့ရာ ဓနိဝိုင်ကို စတင်တီထွင်နိုင်ခဲ့ပြီး နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် တိုင်ပင်၍ ဓနိနှင့်ပတ်သက်သော ဆေးဆီထုတ်လုပ်သည့် နည်းပညာများ၊ ဓနိနှင့်ပတ်သက် သည့် တန်ဖိုးရှိအသုံးဝင်ပုံများ၊ အာဟာရ ဓာတ်ပေါင်းစုများကို စဉ်ဆက်မပြတ် ဖော်ထုတ်ခဲ့ပါ ကြောင်း၊ ရခိုင်ပြည်နယ်တွင်ရှိသည့် ဓနိပင်၊ ဓနိတန်းမှ မည်သည့်တန်ဖိုးရှိသည့် အရာများ ထုတ်လုပ်နိုင်မည်ကို အမြဲမပြတ် တီတွင်သုတေသနပြု လုပ်ကိုင်လျက်ရှိပါကြောင်း၊ ဓနိနှင့် ပတ်သက်သော ပစ္စည်း ၁၀ မျိုးခန့် တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိတွင် ရခိုင်ပြည်နယ် MSME အသင်းတွင် ဒုဥက္ကဋ္ဌ (၁) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော် အနေဖြင့် ရခိုင်ပြည်နယ်အတွက် ထုတ်ကုန်စွမ်းအား တိုးမြှင့်နိုင်ရေးစီစဉ်ပြီး ကူညီဆောင်ရွက် ပေးစေလိုကြောင်း၊ MSME အသင်းရုံးခန်းမ ရှိသေးပါကြောင်း၊ မိမိအနေဖြင့် ဓနိဝိုင်နှင့် ကော့တေးကို တီထွင်နေသည့်အပေါ်မှာလည်း အလုပ်ရုံများ တည်ဆောက်ဆဲကာလ ဖြစ်သည့် အတွက် အလုပ်ရုံများ မဖြစ်ပေါ်လာသေးပါကြောင်း၊ ဓနိဝိုင် စတင်ထုတ်လုပ်ခြင်းဖြင့် မိမိမှာ အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ မိမိအနေဖြင့် ဒေသတွင်း ခွင့်ပြုချက်များရရှိပါက ပိုမိုတီထွင် ထုတ်လုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် နေပြည်တော်တွင် ဟိန်းရွှေရောင် အမည်ဖြင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ တိုင်းရင်းဆေးဝါး လိုင်စင် ၄ မျိုး ရရှိပြီး ဖြစ်ပါကြောင်း၊ နေပြည်တော်တွင်လည်း တိုင်းရင်းဆေးဝါးအလုပ်ရုံ တည်ထောင်နိုင်ရေး တင်ပြထားရှိပါ ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဓနိနှင့် ပတ်သက်သည့် စက်ရုံ၊ အလုပ်ရုံ ပေါ်ထွန်းလာရေးကိုလည်း လုပ်ကိုင်လိုပါကြောင်း၊ လက်ရှိတွင် အလုပ်သမား ၃၀ ကျော်ကိုသာ အလုပ်အကိုင်ပေးနိုင်ပါသေးပါကြောင်း၊ ကျောက်ဖြူမြို့တွင်လည်း အလုပ်ရုံကို တည်ဆောက်နေဆဲ ဖြစ်ပြီး သတ်မှတ်ထားသည့် ယစ်မျိုးလိုင်စင်ကိုလည်း ရရှိလိုပါကြောင်း၊ D1 လိုင်စင်နှင့် Fl-15 ပုလင်းသွတ်သွင်းခွင့်လိုင်စင် ကိုလည်း တင်ပြထားပါကြောင်း၊ မိမိ၏ တင်ပြချက်များအပေါ် လမ်းညွှန်ချက်များ ပေးစေလို ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**နောက်ဆက်တွဲ(ဂ)**

## လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ

### ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းဆွေးနွေးရာတွင် ယနေ့တွေ့ဆုံပွဲတွင် တင်ပြချက်များမှ မိမိနှင့် သက်ဆိုင်သည့် ကဏ္ဍများအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးတင်အောင်ဦးမှ နယ်စပ်ကုန်သွယ်ရေးအတွက် ရွှေမင်းဂံဆိပ်ကမ်းတွင် ဆိပ်ခံတံတားအသစ် တည်ဆောက်ပေးရန် တင်ပြခဲ့သည့် အချက်နှင့်ပတ်သက်၍ ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်းတွင် တံတားဟောင်း ၂ စင်းရှိပါကြောင်း၊ လက်ရှိတံတားဟောင်းများမှာ တည်ဆောက်ခဲ့သည့်ကာလ နှစ်ပေါင်း ၃၃ နှစ်ခန့်ရှိပြီဖြစ်သည့်အတွက် အချိန်ကာလကြာမြင့်သွားပြီဖြစ်ပါကြောင်း၊ ၁၉၉၀ ခုနှစ် ခန့်မှ စတင်အသုံးပြုခဲ့သည့် တံတားဖြစ်ပြီး ၂၀၂၂ ခုနှစ် ဧပြီလတွင် ရခိုင်ပြည်နယ်ခရီးစဉ်ဖြင့် မိမိ ရောက်ရှိခဲ့ရာ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဒေသခံများ တင်ပြမှုကြောင့် သွားရောက်ကြည့်ရှုခဲ့ပြီး လက်ရှိတံတားဟောင်း၏ အခြေအနေအား သက်ဆိုင်ရာဌာနမှ တင်ပြခဲ့မှုရှိခဲ့ကြောင်း၊ အိန္ဒိယနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းတွင် နှစ်အလိုက် တတိယစီမံကိန်း၌ လက်ရှိတံတားဟောင်းကို ပြင်ဆင်ရန်အတွက် ထည့်သွင်းလျာထားဆောင်ရွက်လျက်ရှိကြောင်း။

၂။ သို့သော် အသစ် တည်ဆောက်မည်ဆိုပါက လက်ရှိ ရှိနေသည့် ရွှေမင်းဂံတံတား၏ အတွင်းဘက်ကျသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေထဲတွင် ပြည်နယ်ရေ အရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ဌာန ၂ ခုကို Survey ဆင်းခဲ့သည့် Report အရ တံတားနှစ်စင်း ဆောက်နိုင်သည့်အနေ အထားရှိသည်ကို ပြန်လည်တင်ပြ လာကြောင်း၊ အတွင်းဘက်တွင် ပေ ၄၈၀ × ၄၈ ပေ တံတား ၁ စင်း နှင့် ပေ ၂၇၀ × ၂၄ ပေအကျယ် တံတား ၁ စင်း တည်ဆောက်နိုင်သည့် အနေအထားရှိပါကြောင်း၊ လက်ရှိ တံတားဟောင်းကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြုပြင်ဆောင်ရွက်နေကြောင်း၊ တံတားသစ် ထပ်မံဆောက်လုပ်ရန် မူဝါဒခွင့်ပြုချက်အရ ဆောက်လုပ်လိုလျှင် ဆောက်လုပ်

နိုင်သည့် အနေအထားရှိပါကြောင်း၊ ဆောက်လုပ်သည့်အခါတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအရ လက်ရှိတိုင်းရင်းသားလုပ်ငန်းရှင်များ BOT စနစ်ဖြင့် တည်ဆောက်ရန် မိမိထံသို့ တင်ပြထားရှိမှု ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲထံ ဆက်လက် တင်ပြ၍ မူဝါဒပိုင်းဆိုင်ရာအရ ဆက်လက်တောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာ ကုလားတန်ဘက်စုံ ဖြတ်သန်းသယ်ယူ ပို့ဆောင်ရေး လက်ရှိဂျင်တီ ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ထားရှိသည်ကို နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့မှ ကြည့်ရှုပြီးဖြစ်ပါကြောင်း၊ မူလ Master Plan ထဲတွင် နိုင်ငံတကာဆိပ်ကမ်း နှင့်ဆက်စပ်၍ ပြည်တွင်းရေယာဉ်များ ဆိုက်ကပ်နိုင်ရေးအတွက် Plan ထဲတွင် ထည့်သွင်းရေးဆွဲထားရှိ ပါကြောင်းကိုလည်း နိုင်ငံတော်အကြီးအကဲထံ ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါကြောင်း၊ တင်ပြခဲ့စဉ် လက်ရှိလုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတကာ ဆိပ်ကမ်းအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တို့မှ သက်ဆိုင်ရာဌာနအလိုက် လိုအပ်သည့်အချက်အလက်များကို နိုင်ငံတကာ ဆိပ်ခံတံတားဖြစ်ရန်အတွက် လိုအပ်သည်များ စစ်ဆေးပြီး ပြည့်စုံသည့်အခါ Procedure အရ အကောက်ခွန်ဦးစီးဌာနနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၀ တင်ပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆန်စက်လုပ်ငန်းရှင်များ၏ တင်ပြချက်တွင်ပါရှိသည့်အပေါ် တစ်ဆက်တစ်စပ်တည်း ရှင်းလင်း တင်ပြခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆိပ်ကမ်းတွင် ပြည်တွင်းရေယာဉ်များ ဆိုက်ကပ်မည် ဖြစ်သည့်အတွက် ပြည်တွင်းရေယာဉ်များ ဆိုက်ကပ်မည်ဆိုပါက လုံခြုံရေးပိုင်းဆိုင်ရာ စစ်ဆေးမှုများ ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

၃။ နောင်အနာဂတ်တွင် ဆက်စပ်သည့်နေရာ၌ ဆိပ်ကမ်းအာဏာပိုင် မြေနေရာရှိသည့် အတွက် သီးခြားနေရာတစ်ခုအဖြစ် စဉ်စားလျှောင်ရနိုင်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်ခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်းဆိပ်ကမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စိစစ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ လက်ရှိ ကာလတ္တားနိုင်ငံသို့သွားနိုင်ရေးအတွက် ရေကြောင်းအနေဖြင့် လုပ်ဆောင်ရမည့် ကိစ္စများကို အိန္ဒိယအစိုးရနှင့် ပူးပေါင်းပြီး တစ်ချို့ကိစ္စရပ်များ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လက်ရှိတွင် ပွိုင့်အဝင် ရေလမ်းကြောင်းမှ ဂျက်တီအထိ ၇.၉ မီတာ ရေအနက်ရှိသည့် နေရာတွင် သောင်တူးခြင်း လုပ်ငန်းဆက်လက်ဆောင်ရွက်လျှက်ရှိပါကြောင်း၊ စစ်တွေမှ ပလက်ဝအထိ အပိုင်းကိုလည်း Survey ကွင်းဆင်းရန် ရေယာဉ်များ အဆင်သင့်ဆောင်ရွက်ထားရှိပါကြောင်း၊

တစ်ချို့နေရာများတွင် ရေစူးအရ ကန့်သတ်ချက်ရှိသည့်အတွက် သောင်တူးဖော်ခြင်းလုပ်ငန်းများနေရာကိုပါ Detail Survey တည်ဆောက်ထားပြီး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်သည့် မြေအောက်ရေရရှိရေး ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အမျိုးသား ရေအရင်းအမြစ်အသုံးချရေး ဗဟိုကော်မတီ အနေဖြင့်ဆောင်ရွက်နေပြီး လတ်တလောအခြေအနေတွင် ဆောင်ရွက်နိုင်သည့် ရေနည်းချိန်တွင်ရေရှိရေး ဆောင်ရွက်ရန်လမ်းညွှန်ထားရှိပါကြောင်း၊ လမ်းညွှန်ချက်အပေါ် လတ်တလောအဓိက ဆောင်ရွက်နိုင်သည့် Project အကြီးများ ငွေကုန်ကြေးကျခံ ဆောင်ရွက်ရန် မလိုဘဲလတ်တလောဆောင်ရွက်နိုင်သည့် ရေတိုတစ်ပိုင်တစ်နိုင်တွင်းတူးပြီး ဆောင်ရွက်နိုင်သည့်ကိစ္စများပင်ဖြစ်ပါကြောင်း။

၄။ နောက်တစ်ခုအနေဖြင့် ချောင်းကော မြောင်းကောများ တူးဖော်သည့် လုပ်ငန်းများ၊ ချောင်းပျောက်များ၌ မိုးရာသီတွင် ယာယီချောင်းပိတ်မြောင်းပိတ် ဆောင်ရွက်ပြီးလုပ်ငန်းများရှိကြောင်း၊ ချောင်းမြောင်းများဘေးတွင် ရေစုကန်များ တည်ဆောက်ပြီး ရေကန်ဟောင်းများဆယ်ခြင်းလုပ်ငန်းကိစ္စများ ရှိပါကြောင်း၊ ချောင်းခြောက်များတွင် ရေအောက်သဲတမံတည်ဆောက်ခြင်း၊ လက်ရှိရေနည်းချိန်တွင် မြန်မြန်ဆန်ဆန်နှင့် ရေရရှိ အောင် ဆောင်ရွက်ပြီးစိုက်ကေများအတွက် အကျိုးရှိအောင် ဆောင်ရွက်ရန် လမ်းညွှန်ထား ရှိပါကြောင်း၊ လတ်တလောအခြေအနေတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်၌ သဲချောင်းများ ကိုဖော်ပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ချို့နေရာများတွင် ရေတွင်းများ တူးပြီး ရေနည်းချိန်တွင်မြေအောက်ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ စိုက်ကေများအတွက် အကျိုးရှိအောင်စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ရှိဒေသများတွင် ချောင်းမြောင်း၊မြစ်ချောင်းများ များစွာရှိသည့်အတွက် အချို့နေရာများတွင် အကျိုးရှိ ထိရောက်စွာဖြင့်အချိန်တိုအတွင်း မြန်မြန်ဆန်ဆန်ရရှိအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများဖြင့်ဆောင်ရွက်နိုင်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းတွင် ဒေသအလိုက် လိုအပ်သည့် ကုန်ကြမ်းများနှင့် ကုန်ချောများကို ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်သည့်အခါ ပို့ဆောင်ရေးနည်းလမ်းများဖြစ်သည့် ကုန်းလမ်း၊ ရေလမ်း၊ ရထားလမ်းတွေနှင့် ပို့ဆောင်သည့် အခါတွင်ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုလိုတွေ့ဆုံပွဲမဟုတ်ဘဲ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ အချိန်မရွေးလိုအပ်ပါက

ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ရခိုင်ပြည်နယ်အကျိုးကို ဦးတည်၍ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်**

၅။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းဆွေးနွေးရာတွင် ယနေ့ တွေ့ဆုံပွဲတွင် တင်ပြသည့် ဆွေးနွေးချက်များအပြင် လက်ရှိနိုင်ငံတော်မှ ဆောင်ရွက်နေသည့်လုပ်ငန်း များအပေါ် ခြုံငုံတင်ပြသွားမည်ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် နိုင်ငံတော် အနေဖြင့် MSME လုပ်ငန်း များကို အားပေးရခြင်းအကြောင်းကို ဦးစွာတင်ပြလိုပါကြောင်း၊ နိုင်ငံတော်၏ လက်ရှိအခြေအနေအရ နိုင်ငံ့စီးပွားရေးအနေအထားသည့် တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါ၏ ထိခိုက်မှုနှင့်အတူ ကမ္ဘာနိုင်ငံအသီးသီးနှင့် အိမ်နီးချင်း နိုင်ငံများတွင် စီးပွားရေးကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံမှာ စီးပွားရေးကျဆင်း မှုသည် ၂၀၁၉၊ ၂၀၂၀ ခုနှစ်များတွင် ကိုဗစ်-၁၉ ဖြစ်ပေါ်လာခြင်းနှင့်အတူ စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်လာရပါကြောင်း၊ ပိုဆိုးလာသည်မှာ ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ် လာသည့် နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲမှုနှင့် သဘောထား ကွဲလွဲမှုများမှတစ်ဆင့် အကြမ်းဖက်မှုများနှင့် ဆက်စပ်၍ စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာရခြင်းကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပွား လာကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့် ကာလအတွင်း စီးပွားရေး ကိစ္စနှင့် ပတ်သက်၍ စီးပွားရေးကျဆင်းမှု ရပ်တန့်ခဲ့ပါကြောင်း၊ ကျဆင်းမှုကို ပြန်လည် မြှင့်တင်အောင် ဆောင်ရွက်ရန် တကယ်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်ကနိုင်ငံ၏ ဦးတည်ချက် ၉ ရပ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ၁၂ ချက်ဖြင့် ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချမှတ်ထားသည့် ဦးတည်ချက် ၁၂ ရပ်အနက် စီးပွားရေး ဦးတည်ချက် ၄ ရပ်တွင် MSME လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးရန်၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပါဝင်ပြီး နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ပြီး နိုင်ငံအနှံ့သွားရောက်၍ MSME လုပ်ငန်းရှင် များနှင့် ဒေသအလိုက်တွေ့ဆုံ၍ MSME လုပ်ငန်းများ ရှင်သန်ရေးနှင့် ဆက်လက်တိုးတက် ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း။

၆။ ယနေ့ တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော် ဝန်ကြီးချုပ်ကို ပွင့်ပွင့်လင်းလင်း တင်ပြပေးရန်နှင့် ပြန်လည်ဖြေရှင်း ဆွေးနွေးပေးရန်ဆောင်ရွက် ပေးခဲ့ကြောင်း၊ မိမိတို့ပြန်လည်

ဖြေရှင်းဆောင်ရွက်ပေးမှုများသည် နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးလို၍ လာရောက်ရခြင်းဖြစ်ပြီး၊ အပြုသဘောဖြင့် စဉ်းစားဆောင်ရွက်ပေးခဲ့ခြင်းများဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း၊ အချို့ကိစ္စများတွင် မဖြစ်နိုင်လျှင် မဖြစ်နိုင်ကြောင်းကို ပြန်လည်ရှင်းလင်းတင်ပြခြင်း ဖြစ်ပါ ကြောင်း၊ တင်ပြချက်များအနက်မှ မိမိနှင့်သက်ဆိုင်သည့် အချက်များနှင့်ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်လမ်းညွှန်မှုဖြင့် ယခင်အစိုးရ အဆက်ဆက်တွင် MSME လုပ်ငန်းများကို ယခုအစိုးရကဲ့သို့ ပံ့ပိုးမှုမရှိခဲ့ကြောင်း၊ နိုင်ငံအတွက် အရေးကြီးသည့်ဖွံ့ဖြိုး တိုးတက်ရေးအတွက် MSME လုပ်ငန်းများသည် အဓိကကျသည့် အနေအထားဖြစ်ပြီး တိုးတက်အောင်ဆောင်ရွက်ပေးရန် လိုအပ်သည့်အတွက် ကြိုးစားပေးနေခြင်း ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်မှပံ့ပိုးနေသည့် လုပ်ငန်းအချို့အား တင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို နိုင်ငံတော်မှ မတည်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ အထူးအားဖြင့် ပြည်နယ်များ၊ တိုင်းဒေသကြီးများအနေဖြင့် တနင်္သာရီတိုင်း ၁ တိုင်းသာ ပါဝင်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခု ပါဝင်ကြောင်း၊ အရင်းမပျောက် မတည်ငွေဖြင့် နိုင်ငံတော်မှ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ရပ်တည်နိုင်ရန်အတွက် ထည့်ပေးခဲ့သည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဘီလီယံ ၁၃၀ ကို စတင်မတည်ပေးပြီး နွေစပါးနှင့် ပဲတီစိမ်း တို့အတွက်လာမည့်နှစ်တွင် နွေစပါး အထူးအထွက်တိုးရေးနှင့် လယ်သမားများ လိုအပ်ချက်များ မြေဩဇာအပါအဝင် နိုင်ငံတော်မှ ထောက်ပံ့မှုအနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်းဆီလုပ်ငန်းများ ရှင်သန်နိုင်ရေး၊ နိုင်ငံခြားတင်သွင်းမှုများ လျော့ကျစေရေးအတွက် ဆီထွက်သီးနှံဖွံ့ဖြိုး တိုးတက်ရေး အဓိကကျသည့် နေကြာသီးနှံအတွက် ကျပ်ဘီလီယံ ၁၀၀.၁၄၈ ကို မတည်ပေးခဲ့ကြောင်း၊ မူလနိုင်ငံ့စီးပွား မတည်ရေးရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ မတည်ခဲ့ရာမှ ကျန်ငွေဘီလီယံ ၇၀ မှ ကျပ် ဘီလီယံ ၅၀ ကို ဆီစက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ထောက်ပံ့ပေးခြင်းကြောင်း၊ ကျန်ငွေ ကျပ်ဘီလီယံ ၂၀ ကို မွေးမြူရေးလုပ်ငန်းများအတွက် မတည်ထောက်ပံ့ပေးခဲ့ကြောင်း။

၇။ ထို့အပြင် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများရန်ပုံငွေကို အဓိက ဝန်ကြီးဌာနဖြစ်သည့် စက်မှုဝန်ကြီးဌာနက တာဝန်ယူပြီး နိုင်ငံတော်မှ ကျပ်ဘီလီယံ ၁၇၀ ကို စိုက်ထုတ်မတည်၍ ရန်ပုံငွေတစ်ရပ် ထူထောင်ခဲ့ပါကြောင်း၊ နောက်တစ်ခုအနေဖြင့် ဆန်စက်များနှင့်

အခြားသော ဆန်လုပ်ငန်းရှင်များ ဆန်တင်ပို့မှုနှင့် ပတ်သက်၍ ခိုင်မာစေရေးအတွက် နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်လည်းကောင်း၊ ချေးငွေ ထုတ်ပေး၍ ဆန်တင်ပို့မှုအပေါ် များစွာထောက်ပံ့ပေးခဲ့ကြောင်း၊ အထက်ပါကိစ္စရပ်များသည် နိုင်ငံတော်မှ MSME လုပ်ငန်းများ အပါအဝင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေရသည့် လုပ်ငန်းများအပေါ် တင်ပြခြင်းဖြစ်ပါကြောင်း၊ MSME ဖွံ့ဖြိုး တိုးတက်ရေးအတွက်ကို ရန်ပုံငွေဖြင့် သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ယခင်ကတည်းက ပုံမှန်ဆောင်ရွက်ခဲ့သည် MSME ချေးငွေများရှိကြောင်း၊ မြန်မာ့စီးပွားရေး ဘဏ်မှ MSME လုပ်ငန်းများအတွက် ချေးငွေရှိပါကြောင်း၊ ၎င်းအပြင် ပုဂ္ဂလိကဘဏ် ၆ ခုမှလည်း MSME လုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနေကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုနှင့် ပတ်သက်၍ ကုစားရေးအတွက် ကုစာရေးချေးငွေအဖြစ် ရင်းနှီး မြှုပ်နှံမှုနှင့် အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ချေးငွေထုတ်ချေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်- ၁၉ အထူးချေးငွေအဖြစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကော်မတီများ၊ လုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များအား ထုတ်ချေးပေးခဲ့ကြောင်း၊ ၎င်းချေးငွေများ အပေါ် အတိုးနှုန်း နည်းပါးခြင်း၊ ချေးငွေရယူထားသူများအနေဖြင့် ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိသူများအား ချေးငွေသက်တမ်းအား ၃ နှစ်အထိ တိုးမြှင့်ပေးခဲ့ကြောင်း၊ ၎င်းချေးငွေ များနှင့် ပတ်သက်၍ ပြန်လည်ပေးဆပ်မှု အားနည်းကြောင်းနှင့် ပြန်လည်ပေးဆပ်မှု မရှိခြင်း များလည်းရှိနေကြောင်း။

၈။ အထက်ပါချေးငွေအားလုံးသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများဖြင့် ချေးယူထားခြင်းဖြစ်သည့်အတွက် ပြန်လည်ပေးဆပ်မှုအပိုင်းကိုလည်း ထည့်သွင်း စဉ်းစားပြီး ပြန်လည်ပေးဆပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ခဲ့သည့်အတိုင်း နှစ်ဦးနှစ်ဖက်ရိုးသားကြရန်လိုကြောင်း၊ နိုင်ငံတော်မှ ပံ့ပိုးကူညီသကဲ့သို့ ပံ့ပိုးကူညီသည့် ငွေကြေးအကူအညီများကို ပြန်လည်ပေးဆပ်မှသာ ဆင့်ကာဆင့်ကာ အကျိုးရှိနိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ ၎င်းချေးငွေများအပြင် နှစ်စဉ်ထုတ်ချေးပေးနေသည့် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးအပါဝင် မိုးချေးငွေ၊ အလားတူ ဆောင်းချေးငွေ၊ မိုးကြို ချေးငွေများစသည့် ၂၀၁၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပြန်မဆပ်သည့်ချေးငွေ ရာခိုင်နှုန်းအများ အပြားရှိနေကြောင်း၊ အကြမ်းအားဖြင့် ကျပ်ဘီလီယံပေါင်း ၁၂၀၀၊ ၁၃၀၀ ခန့် ကျန်ရှိနေသေး ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း Banking System စနစ်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ် တစ်ခုတည်းကို အားကိုးနေရသည့် အနေအထားရှိသည့်အတွက် အခြားဘဏ်များ ဖွင့်လှစ်ခွင့်

ရရှိအောင် ဆောင်ရွက်ပေးရန် တင်ပြထားရှိမှုအပေါ် မိမိတို့ အနေဖြင့် အားနည်းချက်များ ရှိနေကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်သည် အခြားပုဂ္ဂလိကဘဏ်များနည်းတူ Opening System ဆိုသည့် ဘဏ်စနစ်များနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် အဆင့်မီစွာ ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေရကြောင်း၊ ဘဏ်လုပ်ငန်းတွင် လူကိုယ်တိုင် ဆောင်ရွက်ရသည့် အပိုင်းများ များပြားစွာ ရှိနေသော်လည်း ကာလရှည်ကြာစွာ ဆောင်ရွက်လာသည့် မြန်မာ့စီးပွားရေးဘဏ်ဖြစ်သဖြင့် ရခိုင်ပြည်နယ်ဘက်တွင် မောင်တော အပါအဝင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၏ ဘဏ်လုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာ့ စီးပွားရေးဘဏ်မှ ဆောင်ရွက်မှုအပိုင်း အားနည်းချက်များကို ပြန်လည်ဖြေရှင်း၍ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တင်ပြ ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဗဟိုဘဏ်နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း။

၉။ ဆန်စပါးလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ၏ တင်ပြချက်တွင်ဆန်စက် လုပ်ငန်းများအတွက် ချေးငွေလိုအပ်ချက်များ တင်ပြမှုအပေါ် ဆီစက်လုပ်ငန်းရှင်များနည်းတူ ဆန်စက်များအတွက် လည်း သီးခြားစဉ်းစားသုံးသပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်ပင်၍ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ ဆက်လက်တင်ပြမည်ဖြစ်ပြီး ချေးငွေရရှိရေးအပိုင်းကို မည်သို့ဆောင်ရွက်ရမည် ဖြစ်ကြောင်းအား စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ တင်ပြခဲ့သည့် ဆီစက်များ အဆင့်မြှင့်တင်ရေးကိစ္စနှင့် ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် ဆီစက်များ အဆင့်မြှင့်တင်ရေး အတွက် ကျပ် ဘီလီယံ ၅၀ အသုံးပြု၍ ဆီစက်များ အဆင့်မြှင့်တင်ရေးနှင့် ချေးငွေရရှိရေး ကိစ္စအား စတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့်လည်း ဆီစက်များ အဆင့်မြှင့်တင်ရေးကိစ္စအတွက် ၎င်းချေးငွေတွင် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်းနှင့် လိုအပ် သည့် အချက်အလက်များ၊ အထောက်အထားများ၊ ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အလားတူ ဆားလုပ်ငန်းများနှင့် ပတ်သက်၍ ချေးငွေရရှိလိုကြောင်း တင်ပြသည့်အပေါ် အရင်းအနှီးလိုအပ်ချက်သည် MSME လုပ်ငန်းများအတွက် အဓိကကျကြောင်းကို မိမိတို့ အနေဖြင့်လက်ခံပါကြောင်း၊ ထို့ကြောင့် လိုအပ်ချက်များကိုဖြေရှင်း ဆောင်ရွက်ပေးနိုင် ရေးအတွက် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သို့သော်လည်း ချေးငွေများ ရယူထားပြီး စနစ်တကျ အသုံးချ၍ စနစ်တကျ ပြန်လည်ပေးဆပ်ခြင်းအပိုင်းများတွင် အားနည်းနေမှုများ

ရှိနေသည့်အတွက် စနစ်တကျ လိုက်နာဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းချေးငွေများအပေါ် အတိုးပုံမှန် ပေးဆပ်မှုမရှိခြင်း၊ အရင်းကို သတ်မှတ်ကာလတွင် ပေးဆပ်မှုမရှိခြင်းများကြောင့် ဒဏ်ကြေးများ တက်လာသည့်အခါ အတိုးပေါ် အတိုးဆင့်၍ ပြန်လည်ပေးဆပ်ရာ အခက်အခဲများ ဖြစ်လာကြောင်း၊ နိုင်ငံတွင်းတွင်သာမက ပြည်ပချေးငွေများတွင်လည်း သတ်မှတ်ကာလတွင် အတိုးနှင့်အရင်းကို အချိန်ကိုက် ပြန်လည်ပေးဆပ်ရကြောင်း၊ မပေးဆပ်နိုင်၍ တစ်ရက် နောက်ကျလျှင်ဘဲ ဒဏ်ကြေးများ များပြားစွာ ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အလွန်သတိထား ဆောင်ရွက်နေရသည့်အတွက် ချေးငွေရရှိမှုအပိုင်းတွင် အများအားဖြင့် နှစ်ကာလကြာရှည်စွာ ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သည့်အတွက် စနစ်တကျရှိရန် အရေးကြီးပါကြောင်း၊ လက်ရှိ ဖြစ်ပေါ်နေသည့် ပြဿနာများသည် ရှေးကစနစ်တကျ ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် ဖြစ်လာသည့် ပြဿနာများကို နောက်မှ လိုက်လံဖြေရှင်းနေရပါကြောင်း။

၁၀။ ထို့ကြောင့် ချေးငွေနှင့်ပတ်သက်၍ သတ်မှတ်သည့်နှုန်းထားနှင့် လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ချေးငွေထုတ်ပေးရန် အဆင်သင့်ရှိပါကြောင်း၊ ချေးငွေရယူမှုနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်ဘက်တွင် ချေးငွေများအား ပြန်စိစစ်သည့်အခါ MSME ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ချေးငွေများမှ ချေးငွေရယူထားမှု နည်းပါးသော်လည်း အကြွေးဆုံးဖြစ်နေသည့် ပြဿနာများရှိနေကြောင်း၊ မိမိ လက်အောက် ဌာနများနှင့် တွေ့ဆုံစဉ် ငွေရေးကြေးရေး ထိစပ်ဆောင်ရွက်မှုဌာနများ၏ အသေးစား၊ ငွေရေးကြေးရေး ချေးငွေများနှင့် ပတ်သက်၍ အကြွေးဆုံးဖြစ်နေသည့် ငွေများကို အဓိကထား၍ ပြန်လည်ကောက်ခံရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန် တင်ပြထားရှိမှုများရှိကြောင်း၊ ထို့အတူ သတ်မှတ်ချက်နှင့် ကိုက်ညီသော ချေးငွေများကိုလွယ်ကူအဆင်ပြေစွာဖြင့် သက်ဆိုင်ရာဌာနများကိုလည်း ညွှန်ကြားကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ချေးငွေရရှိမှုအပိုင်းအနေဖြင့် မိမိတို့ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အပိုင်းများကို စနစ်တကျဆောင်ရွက်ပေးကြရန် အပေါ်ပစ္စည်းမထားရှိဘဲ ချေးငွေထုတ်ပေးရန် မဖြစ်နိုင်ကြောင်း၊ ယခင် ဖြစ်ပွားခဲ့သည့် ပြဿနာများကြောင့် ဖြေရှင်းရန်အခက်အခဲများရှိခဲ့ကြောင်း၊ နောင်ပြဿနာမဖြစ်စေရေး စနစ်တကျ ထုတ်ချေးပေးသည့် ချေးငွေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လိုအပ်ချက်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တင်ပြချက် များနှင့် ပတ်သက်၍ ဝန်ကြီးဌာနများဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီသို့ ဆက်လက်လမ်းညွှန်မှုခံယူ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းရှင်းလင်းဆွေးနွေးခဲ့ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းဆွေးနွေးရာတွင် ယနေ့အခမ်းအနားတွင် လုပ်ငန်းရှင်များမှ တင်ပြချက်များနှင့် ပတ်သက်၍ မိမိဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်အချက်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဆန်စပါးကုန်သည်များအသင်းခွဲ ဥက္ကဋ္ဌ၏ တင်ပြချက်နှင့် ပတ်သက်၍ လက်ရှိတွင် ရခိုင်ပြည်နယ်၌ နွေစပါး အပါအဝင် အခြားသော စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကုလားတန်မြစ်အတွင်း ဧက ၆၀၀ ကို အကျိုးပြုနိုင်သည့် လျှပ်စစ်မြစ်ရေတင် တစ်နေရာနှင့် ဒီဇယ်အင်ဂျင်ဖြင့် မြစ်ရေတင် တစ်နေရာ၊ ထို့အတူ လေးမြို့မြစ်အတွင်း စုစုပေါင်း ဧက ၆၀၀ ကို အကျိုးပြုနိုင်မည့် လျှပ်စစ်မြစ်ရေတင် ၃ နေရာ ဆောင်ရွက်ပေးထားပါကြောင်း၊ ဘူးသီးတောင်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်မြို့နယ်များရှိ မြစ်ချောင်းများအတွင်း စုစုပေါင်းဧက ၂၀၀၀ ကျော်ကို အကျိုးပြုနိုင်မည့် လျှပ်စစ်နှင့် ဒီဇယ်ကို အသုံးပြုပြီး မြစ်ရေတင်လုပ်ငန်း ၇ နေရာကို တည်ဆောက်ထားရှိပါကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း ရေလှောင်တမံ ၁၅ ခု တည်ဆောက်ပေးထားပြီး ၎င်းရေလှောင်တမံများမှ စိုက်ပျိုးမြေဧက ၅၈၀၀ ကျော်အား အကျိုးပြုနိုင်အောင် စီမံပေးထားပါကြောင်း၊ လက်ရှိအခြေအနေတွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုများ စက်သုံးဆီအခက်အခဲများကြောင့် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများ လုပ်ဆောင်နိုင်မှုမရှိကြောင်းကို စိစစ်သိရှိပါကြောင်း၊ မိမိတို့အနေဖြင့် တောင်သူများ၏ စပါးနှင့် အခြားသောသီးနှံများ ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးမြေဧကများစွာကို အကျိုးပြုစေနိုင်မည့် မြစ်တစ်လျှောက် မြေနေရာများတွင် မည်သည့်နေရာတွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်သင့်သည်ကို ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ပြီး လုပ်ငန်းရှင်များ၊ တောင်သူများနှင့် မိမိဝန်ကြီးဌာန လက်အောက်ရှိ ဌာနများ၊ စိုက်ပျိုးရေး၊ ဆည်မြောင်းဌာနများ ပေါင်းစပ်ရွေးချယ်၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီး လိုအပ်သည့် တွက်ချက်မှုများ၊ ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ပါကြောင်း အဓိကအားဖြင့် လျှပ်စစ်ဖြင့် ဆောင်ရွက်သည့်အခါ အခက်အခဲများ ရှိသည့်အတွက် ဆိုလာဖြင့် ဆောင်ရွက်လျှင် ဆောင်ရွက်နိုင်ရန်အတွက် ဧက ၁၀၀ အကျိုးပြု နိုင်မည့် ဆိုလာစနစ်ဖြင့် ရေတင်လျှင်

ကုန်ကျစရိတ် လက်ရှိမည်မျှကုန်ကျမည်၊ ဧက ၂၀၀၊ ဧက ၃၀၀ အတွက်မည်မျှကုန်ကျမည်ကို တွက်ချက်ထားသည်များရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့သို့ အချက်အလက်များပြည့်စုံအောင်ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာတောင်သူ၊ လုပ်ငန်းရှင်များနှင့် ဆွေးနွေးသည့်အခါဆောင်ရွက်နိုင်ရန် စီမံသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်လျှင်တောင်သူများ၏ စိုက်ပျိုးဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တိုက်တွန်းပေးရန်လိုအပ်ပါကြောင်း၊ တောင်သူများ များများစိုက်ပျိုးနိုင်ပြီး ထွက်ကုန်များများရရှိမှ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများရရှိမည် ဖြစ်ပါကြောင်း။

၁၂။ ထို့ကြောင့် တောင်သူများ စိုက်ပျိုးနိုင်ရေး လုပ်ငန်းရှင်များမှ တွန်းအားပေးတိုက်တွန်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ လမ်းညွှန်ထားသည့်အတိုင်းမျိုးစေ့၊ မြေ၊ ရေ၊ နည်းပညာ၊ နည်းစနစ်များ အဓိက လိုအပ်ကြောင်းနှင့် ၎င်း ၄ မျိုးပြည့်စုံမှန်ကန်ပါက သီးနှံများ အထွက်တိုးအောင် ဆောင်ရွက်နိုင်မည်ဖြစ်သော်လည်းအချို့ကိစ္စများတွင် စိုက်ပျိုးရေးနှင့် ပတ်သက်သော ဦးစီးဌာနမှ ကျွမ်းကျင်သူများနှင့်ဒေသခံတောင်သူများ ပေါင်းစပ်ပြီး ဆောင်ရွက်နိုင်မှ အမှန်တကယ် သီးနှံအထွက်တိုးမှုလက်တွေ့တွင် ဖြစ်လာနိုင်သည့် အတွက် တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်သည့် ကျွမ်းကျင်သူများကို အချိန်မရွေး အကူအညီတောင်း၍ ဆောင်ရွက်နိုင်ကြောင်း၊ တက်ရောက်လာသည့် လုပ်ငန်းရှင်များနှင့် အဆင့်ဆင့်တာဝန်ရှိသူများမှ ကြပ်မတ်တိုက်တွန်းပေးရန် အကြံပြုပြောကြားလိုကြောင်း၊ နောက်တစ်ချက်အနေဖြင့် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံနှင့် ပတ်သက်၍ ရေလှောင်တမံ ရေသွင်းရေထုတ်တံတားများ၊ မြောင်းလက်တံ ရေထုတ်မြောင်းများ ပျက်စီးနေသည့်အတွက် ရေအလုံအလောက် မပေးနိုင်သည့်အပေါ် တင်ပြထားရှိကြောင်း၊ စာရင်းဇယားများကို ပြန်လည်စိစစ်သည့်အခါ နွေစပါးသီးနှံ စိုက်ပျိုး နိုင်ရေးအတွက် ပြိုင်းချောင်းရေလှောင်တမံကို ၂၀၁၈-၂၀၁၉ ခုနှစ်မှစ၍ ဖွင့်လှစ်ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ အကျိုးပြုနိုင်သည့်ဧက ၅၀၀၀ နီးပါးရှိကြောင်း၊ ၎င်းဧကများအား နှစ်စဉ် မိုးစပါးလျာထားချက်အတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သို့သော် နွေစပါးကို ပြည်နယ်အစိုးရအဖွဲ့မှ လျာထားစိုက်ပျိုးလျက်ရှိရာတစ်ကြိမ်မျှ လျာထားချက်ကို ပြည့်မီ အောင် စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပြီး ဥပမာမိမိတို့ ၅၀၀၀ ဧကခန့် အကျိုးပြုနိုင် သည့်အတွက် ဧက ၃၀၀၀ ခန့် လျာထားပေးခဲ့သော်လည်းဧက ၃၀ ကျော်သာ စိုက်ပျိုးကြောင်း၊ နှစ်စဉ် ဧကထောင်ဂဏန်းထိ လျာထားချက်ရှိသော်လည်း မြေပြင်တွင် ဧက ၅၀ ၊ ဧက ၃၀ ခန့်သာ စိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊

ကူပေးနိုင်သည့် ရေပမာဏထိ မဆောင်ရွက်နိုင်သည့် အနေအထား တွေ့ရှိရကြောင်း၊ ယခုတင်ပြမှုအရ မိမိတာဝန်ထမ်းဆောင်စဉ် ရခိုင်ပြည်နယ်၏ နွေစပါးစိုက်ဧက ရာဂဏန်းသာ ရှိသည်ကို တွေ့ရှိရကြောင်း၊ ဆည်တာတမံ၊ မြစ်ရေတင်လုပ်ငန်း များစွာရှိသော်လည်း အဘယ်ကြောင့် ဖြစ်ရသည်ကို တွက်ချက်သည့်အခါ မိမိတို့ပေးနိုင်သည့် ပမာဏအတိုင်း မဖြစ်ဘဲ တောင်သူများ၏ စိတ်ပါဝင်စားမှု စိုက်ပျိုးလိုစိတ်မရှိသည့်အတွက်ဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ ယခု တင်ပြမှုတွင်ပါရှိသည့် ဆည်၊ ရေမြောင်းများ၊ လက်တံများ မပျက်စီးအောင် အားလုံး ဝိုင်းဝန်းထိန်းသိမ်းပြီး အကောင်ဆုံးဆောင်ရွက်၍ တောင်သူများ၏ လိုလားချက် ပြည့်မီအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးအတွက် ရန်ပုံငွေရရှိရန် ပြည်နယ်အစိုးရအဖွဲ့သို့ ဦးစီးဌာနမှ တင်ပြထားရှိပြီး လျာထားချက်တွင် ပါဝင်ကြောင်း၊ နောက်လာမည့်နှစ် နွေစပါး၊ နွေသီးနှံများ အပြည့်အဝ စိုက်နိုင်အောင် တိုက်တွန်းပေးရန် တင်ပြလိုကြောင်း၊ လျာထားသည့်အခါတွင်လည်း မေးမြန်းစိစစ်သည့်အခါ ယခင်နှစ်စိုက်ပျိုးသည့်အပေါ် မူတည်၍ ရာနှုန်းပြည့် ထပ်တိုး လျာထားကြောင်း၊ လျာထားမှုရှိပြီး အမှန်တကယ်စိုက်ပျိုးသည့်အခါ ဆယ်ဂဏန်းခန့်သာ စိုက်ပျိုးသည့်အပေါ် ထပ်တိုး ထပ်တိုး သတ်မှတ်ခဲ့သည့်အတွက် လျာထားချက်ကို သာမန်မရဘဲ ဖြစ်နေခြင်းများတွေ့ရှိ ရကြောင်း။

၁၃။ ထို့ကြောင့် တကယ်အကျိုးပြုပေးနိုင်မည့် ပမာဏအတိုင်း လျာထားနိုင်ရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်၌ ခရိုင်၊ မြို့နယ်များရှိ စိုက်ပျိုးရေး၊ မြေစာရင်း ဌာန၊ ဆည်မြောင်းဌာနများ၊ တောင်သူများ ပေါင်းစပ်၍ လျာထားချက်ကို ပြည့်မီအောင်မြင်အောင် စိုက်ပျိုးနိုင်ရန် ဖြစ်ကြောင်း၊ မြေဩဇာရရှိရေးကိစ္စနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်၊ ခရိုင် ၇ ခု အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်မြို့ရှိ မြောင်းတကာစက်မှုဇုန် မြေဩဇာ စက်ရုံမှ နှစ်စဉ် ရောင်းချပေးနေမှုကို တွေ့ရှိကြောင်း၊ ယခုနှစ် မိုးစပါးအတွက် မြေဩဇာအိတ် ၄၄၇၂၀ ဖြန့်ဖြူး ရောင်းချပေးထားပြီး နွေစပါးနှင့် ဆောင်းသီးနှံအတွက် အိတ်ပေါင်း ၁၁၁၈၀ စုစုပေါင်း ၅၅၉၀၀ အိတ်အား လက်ဝယ်အရောက် ရောင်းချပေးပြီး ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှလည်း ငွေအရင်းအနှီးများ ကြိုတင်စိုက်ထုတ်ပြီး စီမံဆောင်ရွက်ထားရှိကြောင်း၊ တောင်သူလက်ဝယ်သို့ ရောက်ရှိပြီးမှ ပြည်နယ်အစိုးရသို့ ငွေပေးသွင်းရမည်ဖြစ်ကြောင်း၊ လိုအပ်ချက် အပြည့်အဝမဖြစ်သေးသော်လည်း အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ရခိုင်ပြည်နယ်အား ဦးစားပေးဆောင်ရွက်ပေးထားကြောင်း၊ ဆီစက်အဆင့်မြှင့်တင်လာရေးနှင့် ပတ်သက်၍ မိမိဌာန အမြဲတန်းအတွင်းဝန်မှ စားသုံးဆီနှင့် ပတ်သက်၍

ချေးငွေများအား ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ကြောင်း၊ ၎င်းအဖွဲ့၏ စာရင်းဇယားစိစစ်မှုအရ ရခိုင်ပြည်နယ်အနေဖြင့် ချေးငွေလျှောက်ထားမှုတွင် ဆီစက်လုပ်ငန်းရှင် ၃၅ ဦး လျှောက်ထားကြောင်း ၊ ထိုလျှောက်ထားမှုတွင် စက်အသစ်တပ်ဆင်ရေး၊ တိုးချဲ့လုပ်ဆောင်နိုင်ရေး၊ ကုန်ကြမ်းများဝယ်ယူရေးလုပ်ငန်းများအတွက် တင်ပြထားသည်များရှိကြောင်း၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့အနေဖြင့် သတ်မှတ်ထားသည့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှဦးစီး၍ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆီစက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များမှ ကွင်းဆင်း၍ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုအချိန်မှသာ ပဏာမ စစ်ဆေးချက်အရ တင်ပြထားသည့် ဆီစက်လုပ်ငန်းရှင် ၃၅ ဦး အနက်မှ ၁၆ ဦးခန့်သာ စက်မှုဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရှိပြီး ကျန် ၁၉ ဦးမှာ စက်မှုဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိကြောင်း၊ နောက်တစ်ခုအနေဖြင့် မြေပဲစံပြစိုက်ကွက်အတွက် စစ်တွေဟိုတယ်၏ အနောက်ဘက် မြေဧက ၅၀ ခန့်ကို တင်ပြလာကြောင်း၊ မြေလွတ်မြေရိုင်းစာရင်းများ ပြန်ကြည့်သည့်အခါ လက်ရှိတင်ပြသည့် မြေနေရာသည် စစ်တွေဟိုတယ်နှင့် မှန်စီလမ်းသွယ်ကြားမြေနေရာဖြစ်၍ ပုဂ္ဂလိကလုပ်ကိုင်သူ ၇ ဦး မြေဧရိယာ ၂၃၆ ဧကခန့်နှင့် အခြားနေရာတွင် လယ်မြေဧရိယာ ၁၂၆ ဧကရှိကြောင်း၊ ၎င်းနေရာတွင် ဒေသခံတောင်သူများမှ မိုးစပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးကြောင်း၊ အခြားနေရာများမှာ ပင်လယ်နှင့် ဆက်စပ်သည့် ကမ်းပါးမြေ၊ မြစ်ကမ်းပါး နယ်များဖြစ် ကြောင်း၊ လက်ရှိတင်ပြမှုအရ အကြမ်းစိစစ်ရာတွင် မြေလွတ်၊ မြေရိုင်းတွင် မပါဝင်သည်ကို တွေ့ရှိရကြောင်း၊ သို့သော်လည်း မြေဧရိယာ လိုအပ်ချက်ကို ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုနှင့်အတူ အဖွဲ့ဖြင့် စစ်ဆေး၍ သတ်မှတ်ထားသော ကိုက်ညီမှုများရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

၁၄။ နောက်ဆုံး အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ရှိရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ဌာနမှ ကြီးကြပ် ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ တောင်သူများ၊ ငါးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများနှင့်ပတ်သက်၍ နားမလည်မှုများ၊ သိရှိလိုသည်များ၊ အကြံဉာဏ်ကောင်းများ ရယူလိုပါက ခရိုင်၊ မြို့နယ်ဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည့် အကြံဉာဏ်ကောင်းများ တောင်းခံရယူနိုင်ပါကြောင်း၊ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့ဘက်မှလည်း အပြည့်အဝ ကူညီနိုင်ရန်အတွက် လက်အောက်ရှိ

ဦးစီးဌာန ဝန်ထမ်းအားလုံးသို့ မှာကြားထားရှိပြီး ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ရေရရှိရေးနည်းလမ်းများ အနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် စိုက်ပျိုးမွေးမြူရေးဌာနနှင့် မည်သို့ပေါင်းစပ် ဆောင်ရွက်ပေးရမည်ကို တင်ပြပေးစေလိုပါကြောင်းနှင့် ပေါင်းစပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် တင်ပြခဲ့သည့် ရေရရှိရေးနည်းလမ်းများနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၃)ရွာစီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဝွေးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ်တွင် သီးပင်ကျေးရွာ၊ လယ်ဝေးမြို့နယ်တွင် တောင်ကုတ်ဝဲ ကျေးရွာတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် အခြေခံ အဆောက် အဦ လုပ်ငန်းများသာ ဖြစ်ပါကြောင်း၊ လက်ရှိဝွေးပင်ကျေးရွာတွင် စံပြလယ်ယာမြေ ၁၂၅ ဧက ဖော်ထုတ်ရန် လျာထားပြီး လက်ရှိတွင် ဧက (၉၅)ဧကစိုက်ပျိုးနိုင်သည် အထိ ဆောင်ရွက် ပေးနိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုး သည့်နေရာများသည် မြေညီရန် လိုအပ်သည်ဟု တင်ပြချက် များအရ သိရှိရပြီး မိမိတို့ဝန်ကြီး ဌာနအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနနှင့် ပေါင်းစပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

၁၅။ ဆက်လက်၍ ဆားလုပ်ငန်းနှင့် ပတ်သတ်၍ ဧရာဝတီတိုင်းဒေသကြီးတွင် ဆားစက် ကြီးများ တည်ဆောက်ရန် ဈေးငွေအမြောက်အမြားရရှိရန် တင်ပြခဲ့မှုများရှိပါကြောင်း၊ MSME လုပ်ငန်းများသည် အသေးစား၊ အလတ်စား၊များဖြစ်၍ ဆားထုတ်လုပ်မည့် တောင်သူများကို အစုအဖွဲ့များဖွဲ့၍ အသေးစားသမဝါယမ  အစုအဖွဲ့များဖွဲ့ကာ မြစိမ်းရောင် စီမံကိန်းမှ မတည်ချထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆီစက်လုပ်ငန်းများအား လုပ်ကိုင်နိုင် ရေးအတွက် ရခိုင်ပြည်နယ်တွင် မြေပဲစိုက်ပျိုးမှုများရှိသဖြင့် အသေးစား ဆီစက်များ တည်ထောင်နိုင်ရေးကိုလည်း မြစိမ်းရောင် စီမံကိန်းမှ မတည်ချထားဆောင်ရွက်ပေးနိုင်ပါ ကြောင်း၊ ကချင်ပြည်နယ်တွင် ဆီစက်ပိဿာချိန် (၂၀၀) ကျော်ထွက်ရှိသည့် ဆီစက်မီးလုံးများ ဝယ်ယူနိုင်ရေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ စက်များသည် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမှုန့်ကြိတ်ခွဲရနိုင်ပါကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တင်ပြသည့် ပန်းတိုင် အထွက်နှုန်းနေကြာ (၁၅)တင်းထွက်ရှိပါက ရောင်းလျှင် (၂)သိန်းခန့် အမြတ်ရရှိ၍ ကြိတ်ခွဲ၍ ရောင်းချမည်ဆိုလျှင် ကျပ်(၄)သိန်းခန့် ရရှိမည်ဖြစ်ပါကြောင်း၊ သမဝါယမ အစုအဖွဲ့များ စုဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါကြောင်းနှင့် အဆိုပါအစုအဖွဲ့များအား မြစိမ်းရောင်စီမံကိန်းမှ မတည်ငွေများ ချထား ဆောင်ရွက်ပေးနိုင်ပါကြောင်း၊  စစ်တွေမြို့သို့ ရောက်ရှိစဉ်(၂၆.၂.၂၀၂၃) နေ့တွင် ကွပ်ကဲမှု အောက်ရှိ ဌာနဆိုင်ရာ(၄)ဌာနနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ဌာနဝန်ထမ်းများ ကျေးရွာများသို့

ရောက်ရှိပါက အဆိုပါကျေးရွာတွင် မည်သည့်သီးနှံများ စိုက်ပျိုးသည်၊ မည်သည့်တိရိစ္ဆာန်များ မွေးမြူသည်ကို မေးမြန်း၍ မည်သို့ပေါင်းစပ်ဆောင်ရွက်ပေးရမည်ကို သိရှိနိုင်ရေး ဆောင်ရွက်စေခဲ့ပါကြောင်း၊ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်ပါက အခြားဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါ သည်။

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး

၁၆။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိမိတို့ဝန်ကြီးဌာနကွပ်ကဲမှုအောက်တွင် ဦးစီးဌာန(၄)ခုရှိပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပါဝင်ပါကြောင်း၊ ၎င်းဌာနသည် MSME လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးခြင်း၊ အရည်အသွေး စစ်ဆေးပေးခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ဒေသခံ MSME လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေး တင်ပြလိုပါကြောင်း၊ အဓိက အားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြမည်ဖြစ်ပါကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင် ဆောင်ရွက်ကြပါကြောင်း၊ စပါးစိုက်ပျိုးရေးနှင့် ပတ်သတ်၍ ရခိုင်ပြည်နယ်တွင် စပါးအထွက်တင်း ၉၀ တင်းမှ ၇၀ တင်းခန့်သာ ထွက်ရှိကြောင်း သိရှိရပြီး မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရန်လိုအပ်ပါ ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်စသည့်(၄)မျိုးနှင့် ညီညွတ်စွာဖြင့် စိုက်ပျိုးနိုင်လျှင် ပိုမိုထွက်ရှိပါကြောင်း၊ မျိုးကောင်းမျိုးသန့်ဖြစ်သည့် စပါးမျိုးအား တပ်ကုန်းမြို့နယ်၊ ဝွေးပင်ကျေးရွာ၌ မိုးစပါးစိုက်ပျိုးခဲ့ရာတွင် ၁၄၂တင်းထိ ထွက်ရှိခဲ့ပါ ကြောင်း၊ ၎င်းစပါးမျိုးသည် ၅ နှစ်ခန့် အထိ ဆက်လက်မျိုးပွား စိုက်ပျိုးနိုင်ပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် ဆင်သေချောင်းအား ယာယီတံတားထိုး၍ ဆိုလာ၊ လျှပ်စစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆင်သေချောင်း၊ ပေါင်းလောင်းချောင်းတို့ကိုလည်း ဆိုလာရရှိသည့်နေရာတွင် ဆိုလာစနစ်ဖြင့် လည်းကောင်း၊ လျှပ်စစ်ရရှိသည့် ဒေသများတွင် လျှပ်စစ်ဖြင့် ရေရရှိရေး လက်ရှိဆောင်ရွက်ပေးခဲ့ရာတွင် (၆)ခုရှိပြီး အကျိုးပြုဧက ၈၀၀ ကျော်ရှိပါကြောင်း၊ မိမိတို့ဒေသတွင် ချောင်းပိတ်၊ လျှိုပိတ်နှင့် ယာယီတံတားထိုး၍ ရေရရှိရေးဆောင်ရွက်ပေးရမည့် နေရာများရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်

ပေါင်းစပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း၊ ဆည်ရေသောက် လယ်မြေများတွင် ရေပေးမြောင်းစနစ်အရ ရေအပြည့်အဝရရှိမှသာ စိုက်ပျိုးရန် လမ်းညွှန်ခဲ့ပါကြောင်း၊ ရေပေး မြောင်းစနစ်အရ အချို့နေရာများတွင် စိုက်ပျိုးရေရောက်ရှိ ရရှိမှုမရှိသဖြင့် ဖြစ်ထွန်း အောင်မြင်မှုမရှိပါက ဆုံးရှုံးမှုများရှိနိုင်သဖြင့် စိုက်ပျိုးရေ အပြည့်အဝရရှိမှသာ စပါးစိုက်ပျိုးရန် တိုက်တွန်းခြင်းသာဖြစ်ပါကြောင်း၊ စိုက်ပျိုးနိုင်သည့် လယ်ယာမြေများအား အဆင့်မြင့် လယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိသဖြင့် အဆင့်မြင့်လယ်မြေများ ဖော်ထုတ်ပေးရန် လိုအပ်ပါကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ မိမိတို့ ဝန်ကြီးဌာနမှ ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

၁၇။ ရေရရှိရေးနည်းလမ်းများအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မည်သို့ပေါင်းစပ် ဆောင်ရွက်ပေးရမည်ကို တင်ပြပေးစေလိုပါ ကြောင်းနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် တင်ပြ ခဲ့သည့် ရေရရှိရေးနည်းလမ်းများနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်(၃)ရွာစီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဝွေးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ်တွင် ကျေးရွာ ၁ ရွာ၊ လယ်ဝေးမြို့ နယ်တွင် ကျေးရွာ ၁ ရွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းများသည် အခြေခံအဆောက်အဦ လုပ်ငန်းများသာ ဖြစ်ပါကြောင်း၊ လက်ရှိ ဝွေးပင်ကျေးရွာတွင် အဆင့်မြင့်လယ်ယာမြေ ၁၂၅ ဧက ဖော်ထုတ်ရန် လျာထားပြီး လက်ရှိတွင် ဧက(၉၅)ဧက စိုက်ပျိုးနိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုးသည့် နေရာများသည် မြေညီရန် လိုအပ်သည်ဟု တင်ပြချက်များအရ သိရှိရပြီး မိမိတို့ ဝန်ကြီးဌာနအမနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

၁၈။ ဆက်လက်၍ ဆားလုပ်ငန်းနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးတွင် ဆားစက် ကြီးများ တည်ဆောက်ရန် ဈေးကွေ့အမြောက်အမြားရရှိရန် တင်ပြခဲ့မှုများ ရှိပါကြောင်း၊ MSME လုပ်ငန်းများသည် အသေးစား၊ အလတ်စားများဖြစ်၍ ဆားထုတ်လုပ် မည့်တောင်သူများကို အစုအဖွဲ့များဖွဲ့၍ အသေးစားသမဝါယမ အစုအဖွဲ့များဖွဲ့ကာ မြစ်မ်းရောင် စီမံကိန်းမှ မတည် ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆီစက်လုပ်ငန်းများအား လုပ်ကိုင်နိုင်ရေး အတွက် ရခိုင်ပြည်နယ်တွင် မြေပဲစိုက်ပျိုးမှုများရှိသဖြင့် အသေးစားဆီစက်များ တည်ထောင်

နိုင်ရေးကိုလည်း မြစိမ်းရောင်စီမံကိန်းမှ မတည်ချထား ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ကချင်ပြည်နယ်တွင် ဆီစက်ပိသာချိန် (၂၀၀) ကျော် ထွက်ရှိသည့် ဆီစက်မီးလုံးများ ဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၁၉။ အဆိုပါ စက်များသည် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမှုန့်ကြိတ်ခွဲရနိုင်ပါကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တင်ပြသည့် ပန်းတိုင်အထွက် နှုန်းနေကြာ(၁၅)တင်းထွက်ရှိပါက ရောင်းလျှင် (၂)သိန်းခန့် အမြတ်ရရှိ၍ ကြိတ်ခွဲ၍ ရောင်းချမည် ဆိုလျှင် ကျပ်(၄)သိန်းခန့် ရရှိမည်ဖြစ်ပါကြောင်း၊ သမဝါယမအစုအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါကြောင်းနှင့် အဆိုပါ အစုအဖွဲ့များအား မြစိမ်းရောင်စီမံကိန်းမှ မတည်ငွေများချထား ဆောင်ရွက်ပေးနိုင်ပါ ကြောင်း၊ စစ်တွေမြို့သို့ ရောက်ရှိစဉ် (၂၆.၂.၂၀၂၃)နေ့တွင် ကွပ်ကဲမှုအောက်ရှိ ဌာနဆိုင်ရာ (၄)ဌာန နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ဌာနဝန်ထမ်းများ ကျေးရွာများသို့ ရောက်ရှိပါက အဆိုပါ ကျေးရွာတွင် မည်သည့်သီးနှံများ စိုက်ပျိုးသည်၊ မည်သည့် တိရစ္ဆာန်များမွေးမြူသည်ကို မေးမြန်း၍ မည်သို့ပေါင်းစပ် ဆောင်ရွက်ပေးရမည်ကို သိရှိနိုင်ရေးဆောင်ရွက်စေခဲ့ပါကြောင်း၊ မိမိတို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းရေးအတွက် လိုအပ်ပါက အခြားဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ**

၂၀။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက တင်ပြဆွေးနွေးရာတွင် ရခိုင်ပြည်နယ်၏ သစ်တောဖုံးလွှမ်းမှုကို ဆွေးနွေး လိုပါကြောင်း၊ သစ်တောဖုံးလွှမ်းမှုများကို FAO ၏ တိုင်းတာချက်များဖြင့် နိုင်ငံတကာ သစ်တောဖုံးလွှမ်းမှုများကို စာရင်းပြုစုခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် အနေဖြင့် ၂၀၁၀ ခုနှစ်တွင် ပြည်နယ်ဧရိယာ၏ ၉.၀၈ သန်း၊ ၇၀.၁၆ ရာခိုင်နှုန်းဖုံးလွှမ်းမှုရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှု ၅၆.၂၀ ရာခိုင်နှုန်းသာ ဖုံးလွှမ်းခဲ့၍ သိသာစွာ ကျဆင်းခဲ့ပါကြောင်းနှင့် ၂၀၂၀ ခုနှစ်တွင် ၄၈.၁၁ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သဖြင့် သစ်တောဖုံးလွှမ်းမှုဧရိယာ ၉.၀၈ သန်းမှ ၄.၅ သန်းထိသာ ဖုံးလွှမ်းမှုရှိခဲ့ပါကြောင်း၊ လက်ရှိ အခြေအနေအား ဆက်လက် ထိန်းသိမ်းနိုင်ပါက သစ်တောသဘာဝအရ ဖုံးလွှမ်းမှု တိုးတက်လာနိုင်ပါကြောင်း၊ ဒီရေတော

များအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ဧက ၄.ဖ သိန်း၊ သစ်တောဖွဲ့စည်းမှု၏ ၅.၃ ရာခိုင်နှုန်း ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၅.၁၂ သိန်းဧက ၅.၆၄ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၅.၁၂ ဧကသိန်းမှ ၂.၇၅ သိန်းဧက ပျက်စီး သွားခဲ့သဖြင့် ဒီရေတောပါဝင်မှု ၄.၁၉ ရခိုင်နှုန်း ခန့်သာ ကျန်ရှိခဲ့သည်ကို သိရှိရပါကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ဒီရေတော ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီရေတောပေါက်ရောက်မှု ကမ္ဘာ့အဆင့် ၇ တွင်ရှိပြီး အာရှတွင် အဆင့် ၃ ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ပါကြောင်း။

၂၁။ ရခိုင်ပြည်နယ်တွင် ဝါးထွက်ရှိမှုအနေဖြင့်ဝါးအလုံးရေ ၉.၄ သန်းထွက်ရှိရန် ခန့်မှန်း ထားသော်လည်း လက်ရှိတွင် နှစ်စဉ် ၅ သန်းခန့်သာ ထုတ်လုပ်လျက်ရှိပါကြောင်း၊ နှစ်စဉ် ခရိုင်သစ်တောထိန်းသိမ်းရေးစခန်းများ၏ ခန့်မှန်းတွက်ချက်မှုစာရင်း များအရ ဖြစ်ပါကြောင်း၊ သစ်တောစီမံအုပ်ချုပ်မှုစာရင်းများမှ ရရှိသည့်ကိန်းဂဏန်း အချက်အလက်များဖြစ်ပြီး စာရင်းများ နှစ်စဉ်ကောက်ယူပြုစုနိုင်ခြင်းမရှိသဖြင့် အသေးစိတ် ကွင်းဆင်းစိစစ်ပါက ၉.၄ သန်းထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ကြိမ်နှင့်ပတ်သက်၍ ကြိမ်ထုတ်လုပ်မှု အနေဖြင့် တစ်နှစ်လျှင် ကြိမ်အလုံးရေ ၈၂၀၀၀ သိန်းခန့် ထုတ်လုပ်ရန် ခန့်မှန်းထားပြီး လက်ရှိ ကြိမ်အလုံးရေ ၂ သိန်းမှ ၄ သိန်းအထိ ထုတ်လုပ်နိုင်ပါကြောင်း၊ ဓနိနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြမှုများကိုလည်း တွေ့ရှိရပြီး ဓနိထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းသည် လှိုင်းဒဏ်၊ ဆူနာမီဒဏ်နှင့် သဘာဝ ဘေးအန္တရာယ်များကို ကာကွယ်နိုင်သဖြင့် ပိုမိုထိန်းသိမ်းသင့်ပါကြောင်း၊ လွန်ခဲ့သည့် ၄ နှစ် ခန့်မှစ၍ ဓနိဖူးများကို ကိုးရီးယားနိုင်ငံမှ ဝယ်ယူခဲ့မှုရှိခဲ့သဖြင့် Export တင်သွင်းမှုများ လည်းရှိခဲ့ပါကြောင်း၊ ဓနိတောများလုပ်ကိုင်ပါက ဒီရေတောများခုတ်၍ ဆောင်ရွက်ရမည် ဖြစ်သဖြင့် ဒီရေတောဧကများ လျော့နည်းသွားနိုင်ပါကြောင်း၊ ဒီရေတောများ လျော့နည်း သွားပါက ဒေသခံများအတွက် ငါး၊ ပုစွန်များရရှိမှု လျော့နည်းနိုင်ပါကြောင်း၊ ဒီရေတော များသည် ငါး၊ ပုစွန်နှင့် ရေသတ္တဝါများ ပေါက်ဖွားရာနေရာ ဖြစ်ပါကြောင်း၊ ဒီရေတောမှ ကြွေကျသည့် အရွက်များသည် ကာလကြာချိန်တွင် အမှုန်လေးများဖြစ်၍ ၎င်းအမှုန်များကို ငါး/ပုစွန်သားပေါက်များ၊ ရေသတ္တဝါများမှ စားသုံးကာ ကြီးပြင်လာမှ ပင်လယ်ထဲသို့ ဆင်းခြင်းဖြစ်ပါကြောင်း၊ ဒီရေတောမှ ကြွေကျသည့် အရွက်များမှ ၈၀ ရခိုင်နှုန်းအား ငါး/ပုစွန်သားပေါက်များမှစားသုံးခြင်း၊ ၂၀ ရာခိုင်နှုန်း မှာ ဒီရေတောမှ အပင်များ၏ အမြစ်အား

အဟာရဖြစ်စေ၍ ကြီးထွားရှင်သန်စေသဖြင့် ဒီရေတောများသည် ၁၀၀ ရာခိုင်နှုန်း အကျိုးပြု မှုရှိသည်ကို တင်ပြလိုပါကြောင်း၊ ဒီရေတောများပျက်စီးသွားပါက ငါး၊ ပုစွန် ထွက်ရှိမှု လျော့နည်းသွားနိုင်သဖြင့် ဒီရေတောထိန်းသိမ်းခြင်း တို့ကို ဆောင်ရွက်သင့်ပါ ကြောင်း။

၂၂။ ဆားလုပ်ငန်းရှင် ဦးသန်းဝင်း၏ တင်ပြဆွေးနွေးခြင်းနှင့် ပတ်သက်၍ အနည်းငယ် ဆွေးနွေးလိုပါကြောင်း၊ ဆားစားသုံးမှုတွင် လူတစ်ဦးလျှင် တစ်နေ့ ဝ.၅ ကျပ်သား လိုအပ်မှု ရှိသဖြင့် မြန်မာနိုင်ငံသည် လူဦးရေ ၅၅ သန်းရှိ၍ အိုင်အိုဒင်းဆားတန်ချိန် တစ်နှစ်လျှင် ၁၆၃၉၀၄ တန်လိုအပ်ပါကြောင်း၊ တစ်နှစ်လျှင် ၁၆၃၉၀၄ တန်ရရှိရန် နေ့စဉ်ဆားကြမ်း တန်ချိန် ၁၈၀၀၀၀ ကျော် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတစ်နှစ်လျှင် ဆားကြမ်းတန်ချိန် ၁၄၀၀၀၀ ခန့်သာ ထွက်ရှိပါကြောင်း၊ ပြည်တွင်း လိုအပ်ချက်အရ သင့်လျော်မှုရှိသော်လည်း ဆားချော အိုင်အိုဒင်းဆားအား ၁၃၀၀၀ မှ ၁၆၀၀၀ ခန့် နှစ်စဉ် ပြည်ပမှ တင်သွင်းနေရပါကြောင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သော ဆားများတွင် အစိုဓာတ် ပါဝင်မှုအနေဖြင့် ဆားကြမ်းတွင် ဝ.၂၅ ရာခိုင်နှုန်း၊ အိုင်အိုဒင်းဆားတွင် ၃ ရာခိုင်နှုန်းဖြစ်ပြီး ပြည်ပမှ ဆားများတွင် အစိုဓာတ် ပါဝင်မှု ဆားကြမ်း၌ ဝ.ဝ၃ ရာခိုင်နှုန်း၊ အိုင်အိုဒင်းဆားတွင် ဝ.ဝ၂ ရာခိုင်နှုန်းဖြစ်ပါ ကြောင်း၊ အစိုဓာတ်ပါဝင်မှုများသည့် ဆားများကို ပေါင်မုန့်နှင့် ကိတ်မုန့်လုပ်ငန်းများတွင် အသုံးပြုပါက ၃ ၊ ၄ ရက်ခန့်အကြာတွင် မှိုတက်၍ ပျက်စီးသည်ကို တွေ့ရှိရပါကြောင်း၊ လူတစ်ဦးလျှင် ဝ.၅ ကျပ်သားဖြစ်၍ လိုအပ်ချက်အရ ယခုနှစ်တွင် တန်ချိန် ၁၃၀၀၀ ကျော်တင်သွင်း ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံမှ ဆားကြမ်းကို တင်သွင်းခြင်း ဖြစ်ပြီး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၉ဝ နှုန်း၊ အိုင်အိုဒင်းဆား ၁၆၀၀၀ တန်ဖြစ်ပါက အမေရိကန် ဒေါ်လာ တန်ဖိုး ၂.၄၄ သန်းခန့် မှာယူတင်သွင်းနေရပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ကမ်းရိုးတန်းဒေသတွင် ဆားလုပ်ငန်းရှင် ၆ဝဝ ဦးခန့်ရှိပြီး ဧက ၂၇၀၀၀ ခန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် လုပ်ငန်းရှင် ၅၀၀ ကျော်၊ ဧက ၂၅၀၀၀ ခန့် လုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ ရခိုင်ပြည်နယ် တွင် ဆားလုပ်ငန်းရှင် ၈၅ ဦး၊ ဧက ၁၄၀၀ ခန့်သာ လုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ ဆားရာသီသည် အောက်တိုဘာလမှ မေလအထိဖြစ်၍ ဆားလုပ်ငန်းရှင်များ ထပ်မံမှတ်ပုံတင် စေ၍ စာရင်းများပြန်လည်ပြုစုရန် လိုအပ်ပါကြောင်း၊ ဆားကို မြေကြီးပေါ်တွင် နေလှမ်း၍ လုပ်ကိုင်ခြင်းသည် ၁ ဧက ကို တန်ချိန် ၆၀၀ မှ ၈၀၀ တန်၊ ၁၀၀၀ တန်ခန့်သာ ထုတ်လုပ်ရရှိပြီး ပလပ်စတစ်ခင်း၍ နေလှန်းပါက တစ်ဧကလျှင် တန်ချိန် ၁၅၀၀ မှ ၂၀၀၀ တန်ချိန်ထိ ထုတ်လုပ်ရရှိသဖြင့် ပလပ်စတစ်ခင်း၍ လှမ်းခြင်းက (၂)ဆပိုမို ထုတ်လုပ်နိုင်ပါ

ကြောင်း၊ ပလပ်စတစ်ခင်း၍ ထုတ်လုပ်ခြင်းများကို တိုးချဲ့ဆောင်ရွက်နိုင်လျှင် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ဆားများကို ပလပ် စတစ်ဖြင့် ဆောင်ရွက်လျှင် တစ်ဧကကို ကျပ်သိန်း(၅၀)မှ ကျပ်သိန်း(၇၀)ထိ၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံမှ ပလပ်စတစ်ကိုအသုံးပြုလျှင် (၁၇၃)သိန်း၊ တရုတ်နိုင်ငံမှ ပလပ်စတစ်ကို အသုံးပြုလျှင် ကျပ်(၁၆၈)သိန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ပလပ်စတစ်ကို အသုံးပြုလျှင် ကျပ်သိန်း (၃၀၀)ခန့် ကုန်ကျနိုင်ပါကြောင်း၊ ဆားလုပ်ငန်းရှင်များအနေဖြင့် ပလပ်စတစ်ခင်း၍ နေလှန်းသည့် စနစ်ကို တစ်နှစ်ထပ်တစ်နှစ် ပိုမိုဆောင်ရွက်လာနိုင်ပါက ဆားကို ပြည်ပနိုင်ငံ များသို့ထိ တင်ပို့နိုင်ပြီး ပြည်နယ်၏စီးပွားရေး အခွင့်အလမ်းကောင်းမွန်လာမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း**

၂၃။ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ (၁၅)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး လမ်းညွှန်ချက် (၈၄)ချက်ရှိပါကြောင်း၊ MSME လုပ်ငန်းရှင်များ တင်ပြ ဆွေးနွေးခဲ့သည့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာစသည်ဖြင့် တင်ပြချက် (၁၅၅)ချက်ရှိပါကြောင်း၊ အဆိုပါ တင်ပြချက်များမှ စက်မှုဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်များအပေါ် အနည်းငယ်ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဌာန ဆိုင်ရာများပါဝင်သော MSME Agency များဖွဲ့စည်းပြီး မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ဆပ်ကော်မတီမှ လစဉ် လုပ်ငန်းဆောင်ရွက်ချက်များကို လစဉ်တင်ပြ၍ လုပ်ငန်းကော်မတီမှ စုစည်းပြီး ဗဟိုကော်မတီသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများတွင် ကုန်ထုတ် လုပ်ငန်းများကို တိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး နေပြည်တော်တွင် အရောင်းပြခန်းများ ဖွင့်လှစ်ခဲ့ရာတွင် ရခိုင်ပြည်နယ်အနေဖြင့် ပြခန်း(၅)ခန်း ဝင်ရောက်ပြသ နိုင်ခဲ့ပါကြောင်း၊ MSME လုပ်ငန်းများ ထုတ်ကုန်ပြပွဲများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် (၁၈)ကြိမ်၊ Top Show အနေဖြင့် (၂၁)ကြိမ် ဆောင်ရွက်ခဲ့ပြီး Team Market ပလက်ဖောင်း များနှင့်ပေါင်းစပ်၍ MSME လုပ်ငန်းများ၏ ထုတ်ကုန် (၁၀၁)ခုကို ရောင်းချပေးလျက် ရှိပါကြောင်း၊ MSME လုပ်ငန်းများကိုလည်း ထပ်မံ တိုးမြှင့်ခွင့်ပြုပေးသွား မည်ဖြစ်ပါကြောင်း၊

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီအဆင့်ဆင့်၏ လုပ်ဆောင်နေမှုများ၊ ဝန်ကြီးဌာနအလိုက် ကျွမ်းကျင်မှုသင်တန်းများ၊ MSME နှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥဒေများ လေ့လာဖတ်ရှုနိုင်ရန်၊ အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှုကို သိရှိနိုင်ရန် Webportal ဆောင်ရွက်ထားရှိပါကြောင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကိုလည်း Webportal မှ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက် တာဝန်ခံ ဝန်ကြီးဌာနအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဥပဒေ ပြင်ဆင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့များ ဖွဲ့စည်း၍ ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် တွေ့ဆုံကာ အကြံပြုချက်များ စုစည်းပြီး ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း။

၂၄။ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦး၏ တင်ပြချက်ဖြစ်သည့် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို ခွင့်ပြုပေးနိုင်ပါရန် တင်ပြခဲ့မှုအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အလားတူ ၂၀၂၀ ပြည့်နှစ် စက်မှုဇုန်ဥပဒေ ပုဒ်မ ၁၃ ပါအချက်များကို ဖြည့်ဆည်းပေးရန် အကြံပြုလိုပါကြောင်း၊ ဆားလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းမှ ဆားလုပ်ငန်းရှင်များ အတွက် ချေးငွေများရရှိရေး ဆောင်ရွက်ပေးရန် တင်ပြချက်နှင့်ပတ်သက်၍ နိုင်ငံတော် ဝန်ကြီးချုပ်မှ MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက် ဘီလီယံ ၁၇၀ အား ထုတ်ချေးပေးနိုင်ရေး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ MSME Agency တို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆီစက်လုပ်ငန်းရှင် ဦးကျော်အေးမောင်မှလည်း ဆီစက်လုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနိုင်ရေးတင်ပြမှုနှင့် ပတ်သက်၍လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရှိဆီစက်များကို အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီစက်များ တပ်ဆင်ပေးခြင်းများလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ MSME ထုတ်ကုန်များအပေါ် အခွန်လျှော့ပေါ့ကောက်ခံခြင်း၊ ပြည်ပမှတင်သွင်းသည့် ကုန်ကြမ်းများ အပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ လျှပ်စစ်မီးရရှိရေးနှင့် အထောက်အပံ့ ပေးရမည့် ကိစ္စများ ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၅။ ဒေါ်မအေး၏ တင်ပြချက်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြည်တွင်းအထည်အလိပ် ထုတ်လုပ်ခြင်း၌ ဝါကုန်ကြမ်းမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်၊ ချည်မျှင်မှ ပိတ်၊ ဆေးဆိုး ပန်းရိုက်ခြင်း၊ စက်ပန်းထိုးခြင်း၊ အပ်ချည်ထုတ် ထုတ်လုပ်ခြင်း၊ ပိတ်ချောများကို

အဝတ်အထည်ချုပ်လုပ်ခြင်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရပါကြောင်း၊ ပြည်တွင်း လက်ရက်ကန်းလုပ်ငန်း၊ စက်ရက်ကန်းလုပ်ငန်းမော်တာနှင့် ပြုလုပ်သည့် ရက်ကန်းလုပ်ငန်း များကို စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ကချင်ပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ပြည်သူအားလုံး ချည်မျှင်အထည် များကို ဝတ်ဆင်နိုင်ရေး၊ နှစ်စဉ်တိုးတက်ထုတ်လုပ်ရန် လမ်းညွှန်ခဲ့ပါကြောင်း၊ တစ်မျိုးသားလုံး အတွက် ချည်မျှင်လိုအပ်ချက်အနေဖြင့် ပိတ်သားကိုက်တန်း ၁၅၆၀၊ ပေါင်သန်းအနေဖြင့် ၃၉၇ သန်း၊ ဝါဂွမ်းပိဿာချိန် ၁၃၆ သန်း လိုအပ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုအနေဖြင့် ပိတ်ကိုက်သန်း ၁၅၆ သန်း၊ ချည်ပေါင် ၄၃.၃၇ သန်းရှိသဖြင့် တစ်မျိုးသားလုံး၏ လိုအပ်ချက် အရ ပိတ် ၁၄၀၃ ကိုက် သန်း၊ ချည်ပေါင် ၃၅၄ ပေါင်သန်း လိုအပ်ပါကြောင်း၊ ပြည်ပမှ တင်သွင်းရသည့် ဓာတုဗေဒချည်မျှင် ၂၄.၈ သန်း (USD) ၊ အခြားချည် ၁၉.၈ သန်း၊ ချည်ငင် ၁၆၀၆ သန်း၊ အပ်ချည် ၁၉.၅၁ သန်းဖြစ်ပါ ကြောင်း၊ ချည်ငင်အပ်ချည် လိုအပ်ချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၊ ပုဂ္ဂလိက၊ စက်မှုလက်မှု လုပ်ငန်းရှင်များ ပေါင်းစပ်ဆောင်ရွက်လျှင် လုံလောက်မှုရှိသွားမည် ဖြစ်ပါကြောင်း၊ ရက်ကန်းလုပ်ငန်းများ သင်တန်းပေးရေးနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်ရှိ စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှု သင်တန်းကျောင်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ၂/၈၀ ချည် ထုတ်လုပ်နိုင်ရန် မြစ်သားစက်ရုံတွင် စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး မကြာမီကာလတွင် လုပ်ငန်းရှင်များထံသို့လည်း ဖြန့်ဖြူး ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေး ခဲ့ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး**

၂၆။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦး တင်ပြခဲ့သည့် ၆၅ % ၃၅ % သည် တစ်လသတ်မှတ်ထားရှိမှုအခြေအနေကို ဦးစွာတင်ပြလို ပါကြောင်း၊ ပြီးခဲ့သည့် အစိုးရသက်တမ်းတွင် အချို့သော မမှန်မကန် ဆောင်ရွက်သည့် ပို့ကုန်လုပ်ငန်းရှင်များက တိုင်းပြည်က ကုန်ပစ္စည်းများကို ပြည်ပကို တင်ပို့ပါကြောင်း၊ တိုင်းပြည်အတွင်း ပြန်လည်ထည့်သွင်းရမည့် နိုင်ငံခြားငွေကို ထည့်သွင်းမှုမပြုဘဲ ပြည်ပတွင် ထားရှိသော ဖြစ်စဉ်များရှိခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူပြီး နောက်ပိုင်းတွင် ဗဟိုဘဏ်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး ဗဟိုကော်မတီတို့ ပြန်လည်ပူးပေါင်းစိစစ်သည့်အခါ ကုမ္ပဏီတော်တော်များများ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊

အချို့ကုမ္ပဏီများကို ဖျက်သိမ်းပြီး အချို့ကုမ္ပဏီများက နိုင်ငံအတွင်း ပြန်လည်ပေးသွင်းမှု များရှိခဲ့ပါကြောင်း၊ ယခင်ကာလများက အချို့ပို့ကုန်လုပ်ငန်းရှင် များသည် မိမိလက်ဝယ်တွင် ငွေကြေးကိုင်ဆောင်၍ အမြဲတမ်းငွေဈေးတက်ရန် ဆောင်ရွက်ခဲ့ သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက ပြန်လည်စဉ်းစားသည့် အခါတွင် ၃၅ % ကို လက်ထဲတွင် အချိန်မည်မျှပေးကိုင်ထားသင့်သည်ကို ဝိုင်းဝန်းဆွေးနွေး စဉ်းစားခဲ့ကြပါကြောင်း၊ ရက် ၃၀ ဆိုပါက လုံလောက်သည့်အတွက် နိုင်ငံတော်ဗဟိုဘဏ် အပါအဝင် အားလုံးက ယခုအဖြေကို ထုတ်ခဲ့ပါကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်လက်ဝယ်တွင် ငွေကြေးထားရှိသည့်အချိန်ကြာမြင့်ပါက ငွေဈေးတက်သွားနိုင်သဖြင့် သွင်းကုန်လုပ်ငန်းရှင် လက်ဝယ်သို့ မြန်မြန်ရောက်ရှိစေရန် အချိန်သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မနှစ်က ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထက် ယခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့သည် ပို့ကုန် အမေရိကန် ဒေါ်လာ ၁၅၆၅ သန်း ပိုမိုတင်ပို့နိုင် ခဲ့ပါကြောင်း၊ တစ်လအတွင်း ပို့ကုန်တန်ဖိုးပြန်လည် ရောင်းချရန်သတ်မှတ်လိုက်သည့်အတွက် ကုန်သွယ်မှုကျဆင်းသွားမည်ဟု ပြောကြားခဲ့ကြ သော်လည်း ယနေ့အချိန်တွင် ကုန်သွယ်မှု တိုးတက်လာခဲ့ပါကြောင်း၊ ဦးတင်အောင်ဦး ဆွေးနွေးချက်ကို အနီးကပ်ဆုံး နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီအစည်းအဝေးတွင် ပြန်လည်တင်ပြပြီး ဝိုင်းဝန်းဆွေးနွေးဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ တောင်ပြိုကနေ ကုန်းလမ်းမှ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ရန် အခြေခံ အားဖြင့် အကြောင်းတရား (၅)ခု လိုအပ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးအတွက် နှစ်ဖက် စလုံးမှ ပို့ကုန်/သွင်းကုန် သင့်တင့် သည့် ပမာဏရှိရန် လိုအပ်ပါကြောင်း၊ ပို့ကုန်/ သွင်းကုန် တိုးမြှင့်တင်ပို့နိုင်သော အလားအလာရှိရမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်စလုံး လမ်းပန်းဆက် သွယ်မှုအခြေအနေကောင်းမွန် ရမည်ဖြစ်ပါကြောင်း၊ ဖွင့်လှစ်ရန်အတွက် နှစ်နိုင်ငံအစိုးရက သဘောတူထားသည့်နေရာဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တောင်ပြိုတွင် ၂၀၀၈-၂၀၀၉ ခုနှစ်က စတင်၍ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန် ညှိနှိုင်းခဲ့သော်လည်း အချက် (၅) ချက်နှင့် မပြည့်စုံသေးသည့်အတွက် ဖွင့်လှစ်နိုင်ခြင်း မရှိသေးခြင်းဖြစ်ပါကြောင်း။

၂၇။ ဆားနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရန် နိုင်ငံတော် ဝန်ကြီးချုပ်၏ မွန်ပြည်နယ်ခရီးစဉ်တွင် အလားတူ တင်ပြမှုရှိခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ် သံရုံးတွင်ရှိသော စီးပွားရေးသံမှူးနှင့် အမြဲတမ်း အတွင်းဝန်တို့ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ မိမိအနေဖြင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် နှုတ်ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကုန်သွယ်မှုပူးတွဲကော်မတီ အစည်းအဝေး

ကျင်းပသွားရန်ရှိပြီး ရက်မသတ်မှတ်ရ သေးပါကြောင်း၊ ၎င်းအစည်းအဝေးတွင် Agenda တစ်ခုအနေဖြင့် ဆွေးနွေးပေးသွားမည် ဖြစ်ပါကြောင်း၊ သို့သော်အရေးကြီးသည်မှာ မိမိနိုင်ငံမှ ပြည်ပသို့ ပို့ဆောင်မည့် ဆား၏အရည်အသွေးကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နှစ်ဖက်အစိုးရနှင့် ညှိနှိုင်းပြီးသည့် အခါ မိမိတို့ဘက်မှ ပို့ကုန်ပစ္စည်း အရည်အသွေးပြည့်မီရန် လိုအပ်မည် ဖြစ်ပါကြောင်း။

၂၈။ စားသုံးဆီရည်ညွှန်းဈေးဖြင့် ဖြန့်ဖြူးရေးကိစ္စသည် အခါအားလျော်စွာ စီစဉ်ပေးလျက် ရှိပါကြောင်း၊ စားသုံးဆီကြီးကြပ်မှုကော်မတီအနေဖြင့် တစ်နိုင်ငံလုံးမျှပြီး မျှတစွာ ဖြန့်ဝေရ သည့် အခြေအနေမျိုးရှိသည့်အတွက် အခါအခွင့်သင့်တိုင်း ဖြန့်ဝေပေးပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအတွက် လွန်ခဲ့သောလက စီစဉ်ဆောင်ရွက်ပေးခဲ့ပါ ကြောင်း၊ ပြည်သူများအတွက်လည်း ကော်မတီက ကြိုးစားပြီး ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် အခါအခွင့်သင့်သည့်အခါတွင် ရခိုင်ပြည်နယ်အတွက် ရည်ညွှန်းဈေးဖြင့် ရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

၂၉။ တရားမဝင်ကုန်သွယ်မှုသည် MSME လုပ်ငန်းအားလုံး၏ ရန်သူဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တိုင်းပြည်တွင်ရှိသော အိမ်တွင်းစီးပွားရေးလုပ်ငန်းများစွာကို ထိခိုက်ကြုံတွေ့ခဲ့ကြရပါကြောင်း၊ လက်ရှိလည်း ကြုံတွေ့နေဆဲဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိသော စီးပွားရေးလုပ်ငန်းရှင်များ အားလုံးက တရားမဝင်ကုန်သွယ်မှုကို အားလုံး လက်တွဲပူးပေါင်းပြီး ပါဝင်ကူညီဆောင်ရွက်ပေးရန် တင်ပြအပ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း တရားမဝင်ကုန်သွယ်မှုကြောင့် ဖမ်းဆီးရမိသည့် ပမာဏသည် ကျပ် ၁၆၆၆၃.၅၅၁ သန်း ရှိပါကြောင်း၊ မဖမ်းဆီးမိသည့် ပမာဏပါဝင်ပါက ယခုထက်ပိုမိုလာနိုင်ပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုသည် စီးပွားရေး လုပ်ငန်းရှင်များအားလုံး၏ ရန်သူဖြစ်ပါကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ကော်မတီသည် ပြည်နယ်အဆင့်တွင်လည်းရှိပါကြောင်း၊ သတင်းပေးခြင်းဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန်၊ မိမိအမည်နာမ မဖော်ဘဲ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

## တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်းဓာတ်ပုံများ























## လှည့်လည်အားပေးကြည့်ရှုခြင်းမှတ်တမ်းဓာတ်ပုံများ










MSME



# ထုတ်ကုန်များခင်းကျင်းပြသထားမှု မှတ်တမ်းဓာတ်ပုံများ

**ထူးပွင့်မွေးမြူရေးလုပ်ငန်းစု ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ဒေသကြက်၊ ဥစားကြက်၊ နေပီယာမြက်ခင်း၊ နွားမွေးမြူရေး

**ဧည့ဝတီမျိုးစေ့ထုတ်တောင်သူများ အသင်းထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - စပါး၊မြေပဲ၊မတ်ပဲ၊ ဆီမုံညင်း၊နှမ်
ငရုတ်

**ရခိုင်ပြည်နယ်ဆီစက်လုပ်ငန်းရှင်နှင့်ဆီကုန်သည်ကြီး များအသင်း ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - သီဟိုဠ်စေ့၊ အုန်းဆီ၊ မြေပဲဆီ၊နှမ်းဆီ

**ရွှေငါးပုဇွန်ခြောက်နှင့်ရေထွက်ပစ္စည်း အမျိုးမျိုးရောင်းဝယ်ရေး(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ပုဇွန်ခြောက်၊ ဂဏန်းပျော့၊ ငါးအမျိုးမျိုး

**လှမေတ္တာရှင်ရိုးရာရက်ကန်းလုပ်ငန်း**

**ဝါဘိုသူရက်ကန်းလုပ်ငန်း**

**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ကျားဝတ်ပုဆိုး၊ မဝတ်ချိတ်လုံချည်

**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ကျားဝတ်ပုဆိုး၊ မဝတ်ချိတ်လုံချည်

**ထိပ်တန်းအထည်ချုပ်စက်ရုံ**

**ထုတ်ကုန်ပြခန်း(ပုဏ္ဏားကျွန်းမြို့)**



ထုတ်ကုန်ပစ္စည်း - အသင့်ချုပ်ပြီးသား ကလေးဝတ်၊ လူကြီးဝတ်အင်္ကျီမျိုးစုံ

**ငွေအိမ်စည်အထည်ချုပ်လုပ်ငန်း**

**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - စပန့်၊ ချည်သားဆွဲသားမျိုးစုံ

**ရွှေကျားရိုးရာရက်ကန်းလုပ်ငန်း**

**“အောင်”မိသားစု အထည်နှင့်ဖိနပ်လုပ်ငန်း**

**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ကျားဝတ်ပုဆိုး၊ မဝတ်ချိတ်လုံချည်

**ထုတ်ကုန်ပြခန်း(ပုဏ္ဏားကျွန်းမြို့)**



ထုတ်ကုန်ပစ္စည်း - ဖိနပ်နှင့်အထည်မျိုးစုံ

**MSME Association Rakhine**

**ထုတ်ကုန်ပြခန်း (စစ်တွေမြို့)**




ထုတ်ကုန်ပစ္စည်း - ငရုတ်သီးမှုန့်၊ ခေါင်းလျှော်ရည်

ဆပ်ပြာ၊ ခေါင်းလိမ်းဆီ၊ဓနိဖူးခြောက်

**ရွှေပြည့်ဖြိုးကုန်ထုတ်လုပ်ငန်း**

**ရခိုင်ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များ**

**အသင်းထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ဆန်အမယ်မျိုးစုံ

**ရွှေပြည့်ဖြိုးကုန်ထုတ်လုပ်ငန်း**

**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ဆားမျိုးစုံ၊ ဆန်

**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - သဘာဝမြေသြဇာ
လောင်စာတောင့်

**ချယ်ရီ ဆပ်ပြာနှင့်လူသုံးကုန်ပစ္စည်း**
**ထုတ်လုပ်သည့်လုပ်ငန်းပြခန်း(ပုဏ္ဏားကျွန်းမြို့)**




ထုတ်ကုန်ပစ္စည်း - ဆပ်ပြာရည်အမျိုးမျိုး

**ဟိန်းရွှေရောင်+ရွှေနဒီဓနိဖူးခြောက်**
**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**




ထုတ်ကုန်ပစ္စည်း - ဓနိဖူးခြောက်၊ဓနိဝိုင်
ရှူဆေး၊ လိမ်းဆေး

**ရွှေငါးမုန့်မျိုးစုံလုပ်ငန်း**

**“အိုးသူကြီး” ရခိုင်ဒေသထွက်**

**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - မုန့်မျိုးစုံ

**စားသောက်ကုန်လုပ်ငန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ငရုတ်သီးမှုန့်၊ မဆလာ၊ပုဇွန်ခြောက်

**ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှု**
**လက်မှုလုပ်ငန်းရှင်များအသင်း**
**ထုတ်ကုန်ပြခန်း(စစ်တွေ)**



ထုတ်ကုန်ပစ္စည်း - ကြက်သွန်၊ အုန်းသီး၊ ဇီးယို
ကွမ်းသီးခြောက်၊နနွင်းတက်

**အအေးခန်းစက်ရုံများ၏ရေထွက်ပစ္စည်း**
**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**



ထုတ်ကုန်ပစ္စည်း - ပုဇွန်၊ ဂဏန်းပျော့၊ငါးမျိုးစုံ

**SKT လူသုံးကုန်ပစ္စည်းလုပ်ငန်း**
**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**

**“ဒေါ်လာ” ငါးမုန့်(ခေါ်)ပါပရာလုပ်ငန်း**
**ထုတ်ကုန်ပြခန်း(စစ်တွေမြို့)**






ထုတ်ကုန်ပစ္စည်း - အလှကုန်ပစ္စည်းမျိုးစုံ

ထုတ်ကုန်ပစ္စည်း- ငါးမုန့်(ခေါ်)ပါပရာ